
www.burmeseclassic.com



www.burmeseclassic.com



# ပရိသတ်ထံမှ အကြံပြုစာများ

သို့/

မဒိုစာ···

ညီမက "မ"ရဲ့ ပရိသတ်တစ်ဦးပါ။ ညီမက သရဲ့ တစ္ဆေဆို အယုံအကြည် အကြောက်အလန့်မရှိတဲ့ လူတစ်ယောက်ပါ။ ဒါပေမဲ့ ··· မဒိုစာရဲ့ ရင်သိမ့်တုန် စိတ်လှုပ်ရှားဖွယ်ဝတ္ထုတွေ ဖတ်ဖြစ်မှပဲ လူတွေကြောက်ကြတဲ့ ခံစားမှုက ဒီလိုပါလားဆိုပြီး ခုမှ ခံစားတတ်လာတယ်။ ကျေးဇူးပါ မဒိုစာ···

PS → "ဘုံစာကျွေးတဲ့နေ့" စာအုပ် အရမ်းဖတ်လို့ ကောင်းပါတယ်။

မဒိုစာတစ်ယောက် ပရိသတ်ရင်ထဲ

ထိုးဖောက်ဝင်ရောက်နေရာယူနိုင်တဲ့

သူတစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းရင်း···

ရာသက်ပန်

(ခေတ္တ-လားရှိုး)

www.burmeseclassic.com

www.burmeseclassic.com



သရာမ မဒိုစာ မင်္ဂလာပါနော်

ညီမက ဆရာမရဲ့ စာအုပ်တိုင်းလိုလို ဖတ်ဖြစ်ပါတယ်။ စာအုပ်အားလုံးလည်း ကြိုက်ပါတယ်။ ဆရာမရဲ့ (၁၀) အုပ်မြောက် အထူးထုတ်ကိုလည်း အရမ်းကြိုက်ပါတယ်။

နောက်လတွေမှာ ထွက်ရှိလာမယ့် စာအုပ်များကိုလည်း စောင့်မျှော်လျက်ပါ။ ညီမ တောင်းဆိုစရာလေး ရှိပါတယ်။ ဆရာမရဲ့ နာမည်အရင်းနဲ့ ဆရာမရဲ့ လက်မှတ် ပါတဲ့ ဓာတ်ပုံတစ်ပုံလောက် လိုချင်ပါတယ်။

ပြန်စာကိုလည်း မျှော်နေပါ့မယ်။

ညီမချစ်တဲ့ မဒိုစာ

စာပေလောကမှာ ထွန်းလင်းတောက်ပတဲ့ကြယ်လေး ဖြစ်ပါစေလို့

တောင်းဆုပြုလျက်

စန်းစန်းနွယ်

အိမ်အမှတ် (၉၈)

ကျစ်စစ်လမ်း/(၃) ရပ်ကွက်၊

သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း။

www.burmeseclassic.com

www.burmeseclassic.com



သို့/

"မမ" မဒီိုစာရှင်

၂၁-၂-၂၀၀၇ နေ့က မမရဲ့စာနဲ့ စာအုပ်ရပါတယ်။ ညီမလေးကို စာအုပ်လက်ဆောင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ "မမ" ရဲ့စာနဲ့ စာအုပ်ရောက်လာတော့ ပျော်လိုက်တာ ပြောမပြောတတ်အောင်ပဲ။ ကလောင်ခွဲတွေ ထွက်ရင်လည်း အားပေးပါ့မယ်။ "မမ"ရဲ့ဓာတ်ပုံကို ညီမဆီကိုလည်း ပို့ပါနော်။

ညီမက ကိုယ်လေးစားရတဲ့အစ်မရဲ့ဓာတ်ပုံကို အမှတ်တရ လိုချင်လို့တောင်းတာပါ။ ချောတာမချောတာ အဓိကမဟုတ်ပါဘူး။ မဒီိုစာဆိုတဲ့နာမည်က ကြောက်ဖို့မကောင်းပါဘူး။ စာအုပ်မျက်နှာဖုံးမှာ ဆွဲထားတဲ့ပုံနှင့် မဒီိုစာဆိုတဲ့နာမည်နဲ့လိုက်ပါတယ်။ ကလောင်ခွဲမျက်နှာဖုံးကိုလည်း မမပဲဆွဲပါ။ ညီမကို မမရဲ့ အမာခံပရိသတ်စာရင်းထဲ ထည့်တဲ့အတွက် မမကို ကျေးဇူးတင်ပါတယ်။

"မမ" ပို့လိုက်တဲ့ မလှစုန်းယိုးစာအုပ်က ညီမရွာဆိုင်မှာ မရှိဘူး။ "မမ" ပို့လိုက်တာနဲ့ အတော်ဖြစ်သွားတယ်။ ညီမရွာတာ မတွေ့လို့စိတ်ညစ်နေတာ။ သယ်အုပ်မြောက် အထူးထုတ် "ဘုံစာကျေးတဲ့နေ့" ဆိုတဲ့ စာအုပ်က ကောင်းပါတယ်။ အဲဒီအထဲမှာ တုံးမောင်နှမ်းချေးပြူကို ပေါင်းပေးရင် ပိုကောင်းမယ်ထင်တယ်။ ညီမရဲ့အမြင်ကို ပြောပြတာနော်။ အမှားပါရင်လည်း ခွင့်လွှတ်ပါ။

မနှ... စာအုပ်တွေကိုလည်း အထူးထုတ်လို ထုထုလေးထုတ်ပါနော်။ မမရဲ့စာနဲ့ဓာတ်ပုံကို မျှော်နေမယ်နော်။

မမရဲ့ ထာဝရပရိသတ်

အိအိမွန်

ရောဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့

ရွှေဘိုရပ်ကွက်၊ လမ်းမတော်လမ်း။

www.burmeseclassic.com

www.burmeseclassic.com



သို့/

မဒိုစာ

ညီမလေးက အစ်မရဲ့ စာပတ်ပရိသတ်တစ်ယောက်ပါ။

အစ်မရေးတဲ့ စာအုပ်တွေအားလုံးကို ညီမလေး ကြိုက်တယ်။

အစ်မရေးတဲ့ စာအုပ်တွေထဲက "နတ်ကဝေမယ်" စာအုပ်ကို

ညီမ အရမ်းကြိုက်တာ။ ညီမလေးက အစ်မရဲ့ "ခေါ်စာပစ်တဲ့နေ့"

စာအုပ်ကနေစပြီး ဖတ်ခဲ့ရတာပါ။

အစ်မကို ညီမလေး မမြင်ဖူးပေမယ့် အစ်မကို အရမ်းကို လေးစားပါတယ်။

အစ်မရဲ့ စာအုပ်တွေကို အမြဲတမ်း

အားပေးနေမယ့်

ညီမလေး

"ပပ"

အကွက် (၈၆၃) ချမ်း/တောင်

သုခလမ်းအနီး

www.burmeseclassic.com

www.burmeseclassic.com



မဒိုစာ

ညီမလေးကတော့ မဒိုစာရဲ့ အမာခံပရိသတ်တစ်ဦးပါ။ မဒိုစာရဲ့ "ခေါစာပစ်တဲ့ ည" စာအုပ်ကစပြီး ဖတ်ရတာပါ။ ညီမလေးက သရဲဝတ္ထုတွေ၊ သရဲကားတွေဆို အရမ်းကြိုက်တာ။

မဒိုစာရဲ့စာအုပ်တွေအားလုံးကို အရမ်းကြိုက်တယ်။ ခုတင်နံပါတ် (၃၁) ကို အကြိုက်ဆုံးပါပဲ။ ထောင်နဲ့ပတ်သက်တာတွေက အရမ်းကြောက်စရာကောင်းတာပဲ။ မဒိုစာရဲ့စာအုပ်တွေကို အလုပ်မအားတဲ့ကြားက အချိန်လုပြီး ဖတ်ရတာပါ။ ညီမလေးကို မဒိုစာရဲ့ဓာတ်ပုံနဲ့အတူ လက်မှတ်ထိုးပါတဲ့စာအုပ်လေး တစ်အုပ်လောက် လက်ဆောင်ထည့်ပေးပါနော်။ ပြန်စာကိုလည်း စောင့်မျှော်နေပါမယ်။ မဒိုစာ ထာဝရအောင်မြင်မှုတွေ ရရှိပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မဒိုစာရဲ့ ထာဝရပရိသတ်

မဝင်းဝင်းအေး

၂၈ လမ်း/ ၈၃ × ၈၄ လမ်းကြား

မန္တလေး/ ဈေးချို

ရွှက်လေ့ဆေးဆိုင်

www.burmeseclassic.com

www.burmeseclassic.com

# ပဒိုတာ

မိုးကြိုးအလောင်း

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်စာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လတ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုလ္လာအားပျံစံအိမ်
၉။ ခုတင်နံပါတ်-၃၁
၁၀။ ဘုံစာကျွေးတဲ့နေ့
၁၁။ နတ်ကျားစိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်

ယခု.....

၁၄။ **မိုးကြိုးအခေါင်း**

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com

‘ဒေါက် ဒေါက် ဒေါက်’

‘ဘုန်း ဘုန်း ဘုန်း’

သည်းထန်စွာ ရွာသွန်းနေသော မိုးသံကြားမှ ထွက်ပေါ်

လာတဲ့ တံခါးထုနက်သံကြောင့် ဗိန္ဓောဆရာပျို့ဟာ အိပ်ရာက လန့်နိုး

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

"မိုးကောင်းလို့ အေးအေးဆေးဆေး အိပ်ရမလား မှတ်တယ်၊ တံခါးက ထုနေတယ်၊ အချိန်မတော် တံခါးခေါက်တာ လူနာကလွဲပြီး တခြား ဘာမှမဖြစ်နိုင်ဘူး"

ဗိန္ဓောဆရာပျို့ဟာ နှုတ်ကရေရွတ်ရင်း မီးအိမ်ကို မီးညှိလိုက်တယ်။ လေးကန်တဲ့ခြေလှမ်းနဲ့ တံခါးရှိရာ လျှောက်သွားပြီး ဆွဲဖွင့်လိုက်တယ်။

'ဂျုန်း' ခနဲ 'ဒိန်း' ခနဲ မိုးခြိမ်းသံနဲ့အတူ ကောင်းကင်တစ်ခုလုံး လျှပ်ရောင်တွေ လင်းထိန်သွားတယ်။

တစ်ကိုယ်လုံး မိုးရေစိုရွှဲနေတဲ့ လူတစ်ယောက်။

ခေါင်းငုံ့ပြီး မလှုပ်မယှက် ငြိမ်သက်နေတယ်။

ဒီအချိန်မှာပဲ 'ဒိန်း' ခနဲဆိုတဲ့ အသံကြီးနဲ့အတူ ကောင်းကင်ပေါ်ကနေ အလင်းတန်းကြီး ဖြတ်ပြေးသွားတယ်။

ဗိန္ဓောဆရာပျို့ အလင်းတန်းကြီးကို ငေးစိုက်ကြည့်ရင်း

"ဟာ ... မိုးကြိုးပစ်ပြီ၊ ရွာအနောက်ပိုင်းကို မိုးကြိုးပစ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အထိတ်တလန့် ရေရွတ်လိုက်တယ်။ ဆရာပျိုတစ်ယောက် အလင်းတန်းကြီးကို မှင်တက်ကြည့်နေတုန်းမှာပဲ ...

"လူတစ်ယောက် လဲနေတယ် ... အမြန်သွားကယ်ပါ"

ဆိုတဲ့ အောရှရှအသံကို ကြားလိုက်ရတယ်။

ဆရာပျိုဟာ ကောင်းကင်ကိုမော့ကြည့်နေရာက လူငယ်ရှိရာ အကြည့်ရောက်သွားပြီး ...

"ဘယ်နေရာမှာ လဲနေတာလဲ၊ မောင်ရင်က ဘယ်သူလဲ"

လို့ မေးလိုက်တယ်။

လူငယ်က မလှုပ်မယှက် ငြိမ်သက်နေရာမှ ...

"လူတစ်ယောက် လဲနေတယ် ... အမြန်သွားကယ်ပါ"

လို့ ထပ်ပြောတယ်။

ပြီးတော့ နောက်ကို ချာခနဲလှည့်ပြီး မိုးရေစက်တွေကြားတိုးဝင်ပျောက်ကွယ်သွားတယ်။

"ဟေ့ ဟေ့ ... လူငယ် ... နေဦးလေ ... လူတစ်ယောက် လဲတာပဲပြောတယ်၊ နေရာမသိဘဲ ကျုပ်က ဘယ်လို သွား

www.burmeseclassic.com

www.burmeseclassic.com



ကယ်ရမလဲ၊ ဘယ်လိုလူငယ်လဲကွ"

## 'ဂျုန်း'

ဆရာပျိုတစ်ယောက် မကျေမနပ် ရေရွတ်ရင်း အိမ်တံခါးကို ဆောင့်ပိတ်ပစ်လိုက်တယ်။

အိုးဘိုစုတစ်ရွာလုံး ရွာအနောက်ပိုင်းက ကွင်းပြင်ကြီးထဲ စုပြုံရောက်နေကြတယ်။

သူကြီးဘိုးချစ်မြိုင်ဦးဆောင်တဲ့ ရွာသားအုပ်ကြီးဟာ မည်းနက်နေတဲ့ အလောင်းကြီးရှေ့ ဝိုင်းအုံကြည့်ရှုရင်း ... သူ

"ညက မိုးကြိုးပစ်တာ လူထိသွားတယ်ဟေ့ ...

အင်း ... ကံကြမ္မာဆိုတာ သိပ်ကြောက်ဖို့ ကောင်းပါလား၊ မိုးကြိုးပစ်ချိန်မှာ ဒီလူဟာ ဒီနေရာမှာ ရှိမနေခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုး ကြုံရမှာမဟုတ်ဘူး၊ ဒီလူကရော အချိန်မတော်ကြီး ဒီနေရာကို

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ရောက်နေရသလဲ၊ အင်းပေါ့လေ . . . သူလည်း သေမယ်လို့ ကြိုသိခဲ့ရင် ဒီနေရာကို ဘယ်လာပါ့မလဲ၊ သေခြင်းတရားကို ကြိုမသိနိုင်ဘူး၊ ဘယ်သူမှ သေချင်လိုက်တာလို့ ညည်းညူပြီး သေရတဲ့ လူမရှိဘူး၊ ခန္ဓာဆိုတာ မမြဲခြင်းတရားပါပဲ . . .

အင်း . . . အနိစ္စ ဒုက္ခ အနတ္တ''

သူကြီးဘိုးချစ်မြိုင်ရဲ့ အသုဘကမ္မဋ္ဌာန်းရှုသလို သံဝေဂစကားကြောင့် သူကြီးသား ဘိုးချက်က . . .

''အဘနယ် ခက်လိုက်တာဗျာ . . . မိုးကြိုးမှန်လို့ လူသေပါတယ်ဆိုမှ အသုဘကမ္မဋ္ဌာန်း ရှုနေသေးတယ်၊ ဒီအချိန်မှာ အဘလုပ်ရမှာက သေသူဟာ ဘယ်သူလဲဆိုတာသိအောင် လုပ်ရမယ်၊ ဒါဟာ ရိုးရိုးလူသေတာ မဟုတ်ဘူး . . . မိုးကြိုးပစ်ခံရလို့ သေတဲ့မသာဗျ . . . အရေးကြီးတယ်၊ မသာကိုကြည့်ပြီး သံဝေဂရရင်လည်း ဘုန်းကြီးဝတ်တော့လေ၊ ဒါမှ ကျုပ်လည်း သူကြီးသားနေရာက ရာထူးတိုးမှာလေ''

လို့ ပြောချလိုက်တယ်။ ဘိုးချက်ရဲ့စကားကြောင့် သူကြီးဘိုးချစ်မြိုင်ဟာ မျက်နှာကြီး နီရဲသွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ . . . မင်းက ငါ့ထမင်းစားပြီး ငါ့နေရာလုချင်ပြီပေါ့ . . . ဟုတ်လား ချက်ကြီး၊ ဖအေကို ခြေရာတိုင်းချင်တဲ့ ငနွားကောင် . . . မင်းလိုကောင် ထမင်းကျွေးမယ့်အစား ခွေးစာကျွေးရတာက အကျိုးရှိဦးမယ်၊ ဇာတသတ်လို သားမျိုးကို ပါးစပ်နဲ့မပြောဘူး . . . အသေရိုက်သတ်ပစ်မယ်ကွ"

လို့ ကြုံးဝါးရင်း လက်စွဲတော်တုတ်ကောက်နဲ့ ဘိုးချက်ကို လိုက်ရိုက်တယ်။

ရွာသားတွေဟာ သူကြီးသားအဖရန်ပွဲကို ဝင်ရောက်ဖျန်ဖြေကြရင်း . . .

"တော်ပါတော့ သူကြီးရယ် . . . ကျုပ်တို့ကတော့ မိုးကြိုးပစ်တဲ့ကိစ္စကို သိချင်လို့၊ သူကြီးတို့သားအဖရန်ပွဲကို ကြည့်ဖို့ မဟုတ်ဘူးဗျ၊ အလောင်းကိစ္စက သိပ်အရေးကြီးတယ်၊ သေဆုံးသူ ဘယ်သူလဲဆိုတာ ကျုပ်တို့ သိချင်တယ် . . . ရန်မဖြစ်ကြပါနဲ့"

လို့ ဝိုင်းပြောကြတယ်။

"တော် . . . တိတ်ကြစမ်း၊ ဘိုးချစ်မြိုင်ဆိုတဲ့ငါက အိုးဘိုစုရွာမှာ မျိုးရိုးစဉ်ဆက် သူကြီးကွ၊ မင်းတို့ မမွေးခင်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



ငါ သူကြီးလုပ်ခဲ့တာ . . . ငါ့ကို ဆရာမလုပ်နဲ့၊ အလောင်းကို ငါ့အိမ် သယ်ခဲ့ကြ၊ ပြီးရင် မောင်းထုပြီး လူစု၊ ဒါဟာ အိုးဘိုရွာသူကြီး ဘိုး ချစ်မြိုင်ရဲ့ အမိန့်ပဲကွ”

သူကြီးဘိုးချစ်မြိုင်က တစ်ချက်လွှတ်အမိန့်ပေးပြီး ရှေ့က ထွက်သွားတယ်။ ရွာသားလေးယောက်က အလောင်းကို ဝါးကပ်ပေါ် တင်ပြီး သယ်ကြတယ်။

ရွာသားတွေ ထွက်ခွာသွားချိန်မှာတော့ ဗိန္ဓောဆရာပျို ဟာ မိုးကြိုးပစ်ခဲ့တဲ့ လယ်ကွက်ရှိရာ လျှောက်သွားတယ်။ ဆရာပျိုရဲ့ မျက်လုံးအကြည့်က လယ်ကွက်ရဲ့တစ်နေရာကို ရောက်သွားတယ်။

မြေပေါ်ကျနေတဲ့ စာရွက်လိပ်လေးတစ်ခု။

ဆရာပျိုဟာ စာရွက်လိပ်လေးကို ကောက်ယူလိုက်ပြီး အင်္ကျီအိတ်ထဲ ထည့်လိုက်တယ်။

ပြီးတော့ မိုးကြိုးခဲ့တဲ့ လယ်ကွက်ကနေ တိတ်တဆိတ် ထွက်ခွာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

## စာရွက်လိပ်လေး က ဘာလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

"**ဓအာင်မလေးဓတာ်** . . . ကျူပ်အိမ်ထဲကို ဘာ ကြီး သယ်လာတာတုံး၊ ဘိုးချစ်မြိုင် . . . တော် ဘာတွေ လုပ်လာပြန်ပြီ လဲ"

သူကြီးကတော် ဒေါ်တုတ်ကြီးရဲ့ အသံကျယ်အော်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့အသံကြောင့် အလောင်းသယ်လာတဲ့ ရွာသားတွေအားလုံး ခြေလှမ်းတန့်သွားတယ်။

သူကြီးက ဆေးတံခဲမပျက်ဘဲ ...

"မိုးကြိုးမှန်သေတဲ့ မသာကြီး သယ်လာတာ၊ ဘာဖြစ်သလဲကွ"

လို့ ပြောတဲ့အခါ ဒေါ်တုတ်ကြီးက မျက်လုံးကြီး ပြူးသွားပြီး ...

"ဘာ ... မသာကြီး သယ်လာတယ် ... ဟုတ်လား။ တော့် ဘိုးချစ်မြိုင် ... မသာကို ခုချက်ချင်း သင်္ချိုင်းပို့၊ ကျုက်သရေ ယုတ်လိုက်တာနော်၊ ဟဲ့ ကာလနာတွေ ... မသာကို ခြံပြင်ပြန်ထုတ်စမ်း"

လို့ ငယ်သံပါမတတ် ကြုံးအော်ပြန်တယ်။

အလောင်းသယ်ရွာသားတွေက ဒေါ်တုတ်ကြီးကို မလွန်ဆန်ဝံ့တာကြောင့် အလောင်းကို သယ်ဖို့ ပြင်လိုက်တယ်။

"ဟေ့ ... အလောင်းကို မြေပေါ်ချလိုက်၊ ဘယ်မှ သယ်သွားစရာ မလိုဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးရဲ့အမိန့်ပေးသံကြောင့် ရွာသားတွေဟာ အလောင်းတင် ဝါးကပ်ကြီး ချရမလို၊ သယ်ရမလို ဖြစ်နေကြတယ်။

ဒီအချိန်မှာပဲ ...

'ဖျပ် ဖျပ် ဖျပ်'

'ဖလပ် ဖလပ်'

ဆိုတဲ့ အသံတွေနဲ့အတူ ကျီးအုပ်ကြီးကို တွေ့လိုက်ရတယ်။ ကျီးနက်အုပ်ကြီးက အုံလိုက်ကျင်းလိုက် သူကြီးရဲ့ခြံဝိုင်းထဲ နားခိုကြတယ်။

"ဟာ ... ကျီးနက်တွေ ရောက်လာပြီ၊ ဒါ ... ဒါဆို ဒေါ်အိုစာ ရွာထဲဝင်လာပြီပေါ့"

ရွာသားတွေဟာ အထိတ်တလန့် ရေရွတ်သံနဲ့အတူ ခြံဝကို ပြိုင်တူ ကြည့်မိတယ်။

"မိုးကြိုးခတဲ့အလောင်း လိုချင်တယ်၊ ဒီအလောင်းကို ငါပိုင်တယ်"

ဒေါ်အိုစာရဲ့ အသံနက်ကြီးကြောင့် သူကြီးနဲ့ ရွာသားတွေဟာ တုန်လှုပ်ချောက်ချားသွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုစာဟာ အရိုးတောင်ဝှေးကို တဒေါက်ဒေါက် ထောက်ပြီး လူအုပ်ကြီးအနား လျှောက်လာတယ်။

သူ့ရဲ့ ကျန်လက်တစ်ဖက်မှာတော့ ထန်းသီးလုံးပမာဏ ရှိတဲ့ စိမ်းဖန့်ဖန့် ဖန်လုံးလေးကို ကိုင်ထားတယ်။

သူကြီးဘိုးချစ်မြိုင်ဟာ ဒေါ်အိုစာရဲ့စကားကြောင့် မျက်နှာ ပျက်သွားပြီး ...

"ကျွန် ... ကျွန်တော့်အနေနဲ့ အလောင်းနဲ့ပတ်သက်ပြီး စစ်ဆေးစရာတွေ ရှိနေပါသေးတယ်၊ ကျွန်တော့်ကို နှစ်ရက်လောက် အချိန်ပေးပါ၊ နှစ်ရက်ပြည့်ရင် အမယ်အိုပြောတဲ့အတိုင်း ဖြစ်ရပါ စေ့မယ်ခင်ဗျာ"

လို့ ပြောလိုက်တယ်။ သူကြီးရဲ့စကားကြောင့် ဒေါ်အိုစာ ဟာ မျက်မှောင်ကြီးကြုတ်သွားတယ်။ ပြီးတော့ ...

"ဟား ဟား ဟား ... ဘိုးချစ်မြိုင် ဘိုးချစ်မြိုင် ... နင် စစ်ဆေးလည်း အပိုပဲဖြစ်လိမ့်မယ်၊ ဟောဒီအလောင်းဟာ ငါ့ရဲ့ကျင့်စဉ် အောင်မြင်ဖို့ မိုးနတ်သားက ဖန်ဆင်းပေးခြင်းသာ ဖြစ်တယ် ...၊

အခု ရွာမှာ မိုးကြိုးခတဲ့အလောင်း ပေါ်တယ်၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



အိုးဘိုစုရွာအတွက် ကံဆိုးမိုးမှောင်ကျခြင်းပဲ၊ ဘိုးချစ်မြိုင် ...နင်ဟာ မကြာခင်မှာ အလွန်ဆိုးရွားတဲ့အန္တရာယ်တွေ ရင်ဆိုင်ရတော့မယ် ...၊

ဒါဟာ ငါ့ရဲ့ အပြောမဟုတ်ဘူး ... ဟောဒီ ငါ့ရဲ့ ကြမ္မာဖတ်ဖန်လုံးလေးက နိမိတ်ဖတ်နေခြင်းသာ ဖြစ်တယ်၊ ဘိုးချစ်မြိုင် ... နင်ပြောတဲ့အတိုင်း အချိန်နှစ်ရက်ပေးမယ်၊ နှစ်ရက်မပြည့်ခင် အလောင်းကို နင် တာဝန်ယူရမယ်၊ အလောင်းဟာ နင့်ခြံထဲကလွဲပြီး ဘယ်နေရာမှာမှ မရှိစေရဘူး ...ငါပြောတာ ကြားသလား ဖိုးချစ်မြိုင်''

ဒေါ်အိုစာရဲ့အမေးကြောင့် သူကြီးဟာ နားထင်ပေါ် စီးကျလာတဲ့ ဇောချွေးကိုသုတ်ရင်း ...

''ကြား ... ကြားပါတယ် အမယ်အို၊ အမယ်အိုပြောတဲ့အတိုင်း လိုက်နာပါ့မယ်၊ အိုးဘိုးစုရွာလေးကို ဘာအန္တရာယ်မှ မကျရောက်အောင် စောင့်ရှောက်ပေးပါခင်ဗျာ၊ ကျွန်တော်တို့ တစ်ရွာလုံးဟာ အမယ်အိုရဲ့စောင့်ရှောက်မှုအောက်မှာ အစဉ်အဆက် နေထိုင်ခဲ့ကြရတာပါ''

www.burmeseclassic.com

www.burmeseclassic.com



လို့ အားကိုးတကြီးပြောတယ်။

သူကြီးဘိုးချစ်မြိုင်ရဲ့စကားကြောင့် ဒေါ်အိုစာက ဟား တိုက် ရယ်မောလိုက်ရင်း ...

"ဟား ဟား ဟား ... သိပ်ဟုတ်တာပေါ့ ဘိုးချစ်မြိုင်၊ နင့်အဖေ ဘိုးသာမြိုင်လက်ထက်ကတည်းက ငါဟာ အိုးဘိုစုရွာကို စောင့်ရှောက်ခဲ့ရတာ၊ ခုဆို ငါ့ရဲ့အသက်ဟာ နှစ်ပေါင်း တစ်ရာကျော် နေပြီ၊ ငါဟာ အိုးဘိုစုရွာရဲ့ အသက်အရှည်ဆုံး လူတစ်ယောက်ဖြစ် သလို အိုးဘိုစုရွာအပါအဝင် ဘေးမဲ့တောကို စောင့်ရှောက်နေတဲ့ မမြင်ရတဲ့ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာကိုပါ လွှမ်းမိုးနိုင်တဲ့ လူတစ်ယောက် ဖြစ်တယ် ...၊

မိုးကြိုးအလောင်းဟာ ငါ့အတွက် သိပ်အရေးကြီးတယ် ဘိုးချစ်မြိုင်၊ နှစ်ရက်အတောအတွင်း မိုးကြိုးအလောင်းကို နင့်အသက် နဲ့ထပ်တူ စောင့်ရှောက်ပေးပါ၊ ငါ့ကို ပြုံးစေချင်ရင် ငါ့စကားနားထောင်၊ ငါ မဲ့ရင်တော့ တစ်ရွာလုံးပြာကျဖို့သာ ပြင်ထားပေတော့ ... ဟား ဟား ဟား"

လို့ ပြောပြီး တရွေ့ရွေ့ ထွက်ခွာသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျီးနက်အုပ်ကြီးကလည်း ဒေါ်အိုစာ့နောက်ကို "တဖျပ်ဖျပ်" အသံပေးပြီး လိုက်ပါသွားကြတယ်။

သူကြီးဘိုးချစ်မြိုင်ဟာ မြေပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်လိုက်ရင်း ...

"ဘုရား ဘုရား ...ငါ့မှာ အန္တရာယ်တွေ ကျရောက်တော့မယ်ဆိုပါလား၊ မိုးကြိုးပစ်ခံရတာ ငါ့ရွာအတွက် ဂြိုဟ်ဆိုး၀င်ပြီထင်တယ်၊ ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲ'

လို့ တတွတ်တွတ် ရေရွတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၃ )

## ဒေါ်အိုစာတ အလောင်းကို ဘာလုပ်ဖို့လဲ ..?

www.burmeseclassic.com

www.burmeseclassic.com

## သန်းခေါင်ယံအချိန် ...

ဗိန္ဒောဆရာပျိုတစ်ယောက် ဆေးမြစ်အိုးတည်ရင်း ဆေးကျမ်းတစ်စောင်ကို ဖတ်ရှုနေချိန် ...

'ဒေါက် ..ဒေါက်'

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တဲ့ တံခါးခေါက်သံကြောင့် ဆရာပျို့ဟာ ထိုင်ရာကထပြီး တံခါးဖွင့်လိုက်တယ်။

"ဟင် ... မင်း ... မင်း လာပြန်ပြီလား၊ ဟိုညက မောင်ရင်ကယ်ခိုင်းတဲ့လူဟာ မိုးကြိုးမှန်ပြီး သေဆုံးခဲ့တဲ့လူ မဟုတ်လား။ အခုလာတာ ဘာကိစ္စလဲ"

ဆရာပျို့ဟာ အမှောင်ထုအတွင်းကို လှမ်းပြီးမေးလိုက်တယ်။

အမှောင်ထုအတွင်းမှာတော့ အနက်ရောင်ဝတ်စုံနဲ့လူ တစ်ယောက်။

လူငယ်က ခေါင်းငိုက်စိုက်နေရာမှ ...

"သူကြီးအိမ်ကအလောင်းကို အမြန်ဆုံး ယူပေးပါ" လို့ အောရှရှအသံနဲ့ ပြောလာတယ်။

ဆရာပျို့ဟာ လူငယ်ကို မျက်မှောင်ကြုတ်ကြည့်ပြီး ...

"မင်း လူစင်စစ်မှ ဟုတ်ရဲ့လား၊ အိမ်တံခါးကို လာခေါက်တယ်၊ ပြီးတော့ အမှောင်ကြီးထဲ ရပ်နေတယ်၊ ဒီထက်ပိုဆိုးတာက သူကြီးအိမ်က အလောင်းကို ယူခိုင်းတယ်၊ မောင်ရင့်ကိစ္စကို အိမ်ထဲဝင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး အေးအေးဆေးဆေး ပြောလို့ရပါတယ်၊ ကဲ ... အိမ်ထဲကို ကြွပါ''

လို့ စိတ်မရှည်သံနဲ့ ပြောလိုက်တယ်။

လူငယ်က မလှုပ်မယှက် ငြိမ်သက်နေရာမှ ...

''သူကြီးအိမ်က အလောင်းကို အမြန်ဆုံးယူပေးပါ''

လို့ စကားကို တစ်လုံးချင်းပြောပြီး အမှောင်ထုအတွင်းကို တိုးဝင် ပျောက်ကွယ်သွားတယ်။

''ဟေ့ ဟေ့ သူငယ် ... ရော် ... ခက်တော့တာပဲ၊ ဒီသူငယ်ဟာ ငါ့အတွက် ဂြိုဟ်ဆိုးလိုပဲ၊ သူပြောချင်တာ ပြောပြီး ပျောက် ပျောက်သွားတယ်၊ သူကြီးအိမ်ကအလောင်းကို ယူလာရမယ်တဲ့၊ ဘာကြောင့် အလောင်းယူလာရမှာလဲ၊ ယူမပေးတော့ရော ဘာဖြစ်သလဲ၊ ငါနဲ့ ဘာမှမဆိုင်ဘူး''

ဆရာပျိုဟာ ဒေါသတကြီး ရေရွတ်လိုက်တယ်။ ဒီအချိန်မှာပဲ ...

''မယူပေးရင် ခင်ဗျားအိမ် မီးလောင်မယ်''

ဆိုတဲ့ ဝိုးတဝါးအသံကြီးကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာပျိုဟာ နားနှစ်ဖက်ကို ယောင်ရမ်းအုပ်မိပြီး ...

"ဘာအသံလဲဟ ... အိမ်မီးလောင်မယ် ဆိုလားပဲ၊ ငါ ... ငါတော့ ရှာသူအနှောင့်ခံနေရပြီ ထင်တယ်"

လို့ ရေရွတ်ပြီး အိမ်ထဲပြန်ဝင်ခဲ့တယ်။

"ဟာ ... ညှော်နံ့တွေ ညှော်နံ့တွေ"

ဆရာပျိုဟာ နှာခေါင်းထဲတိုးဝင်လာတဲ့ ညှော်နံ့ကြောင့် မီးဖိုဆောင်ကို အသည်းအသန် ပြေးသွားတယ်။

ဆေးမြစ်ပြုတ်ထားတဲ့ သတ္တုအိုးဟာ မီးလောင်ကျွမ်းပြီး မီးက သက်ကယ်အမိုးကိုပါ စွဲလောင်နေပြီ။

"ဟင် ... မီးတွေ ... မီးလောင်နေပြီ"

ဆရာပျိုဟာ ခေါင်းနားပန်းကြီးသွားပြီး ရေကန်ရှိရာ ပြေးသွားတယ်။

ပြီးတော့ ရေကို အလျှင်အမြန်ခပ်ပြီး မီးကိုငြိမ်းသတ်တယ်။

ရေပုံးပေါင်း အပုံးသုံးဆယ်လောက် ပက်ဖျန်းပြီးချိန်မှာတော့ မီးက ငြိမ်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာပျို့ဟာ ရေပုံးကို အကြိမ်ကြိမ် ဆွဲခဲ့ရတာကြောင့် လက်အံ့သေပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။

"ဟူး ...ငြိုဟ်ဆိုးဆိုက်တာတော့ သေချာနေပြီ၊ ငါ့ အိမ် တကယ်ပဲ မီးစွဲသွားတယ်၊ ဒါဟာ ဟိုသူငယ်ကြောင့်လား။ အို ...မဖြစ်နိုင်ဘူး။ ဆေးမြစ်အိုးခန်းပြီး မီးလောင်ရထာ၊ ဒါဟာ တိုက်ဆိုင်မှုပဲ၊ ထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခုပဲ၊ မိုးကြိုးအလောင်းဟာ ငါနဲ့ ပတ်သက်မှုမရှိဘဲ၊ ငါ့ကို ဒုက္ခအကြီးအကျယ်ပေးတော့မယ် ထင် တယ်"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၄ )

## ဆရာဖျိုဘာဖြစ်မလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

**အိုးဘိုရွာ** သူကြီး ဘိုးချစ်မြိုင်တစ်ယောက် ခြံဝိုင်းထဲ ခေါက်တုံ့ခေါက်ပြန် လှမ်းလျှောက်ရင်း ...

"မိုးကြိုးအလောင်းဟာ ငါ့ရွာကလည်း မဟုတ်ဘူး၊ အနီးအနားရွာတွေကို လှွတ်ပြီးစုံစမ်းခိုင်းတဲ့၊ သာအေးတို့အဖွဲ့လည်း ပြန်မ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သေးဘူး၊ ဒေါ်အိုစာပြောသလို မိုးနတ်သားကပဲ၊ သူ့အတွက် မိုးကြိုးအလောင်းကို ဖန်ဆင်းပေးလိုက်သလား၊ ဒေါ်အိုစာရော ဘာကြောင့် မိုးကြိုးအလောင်းပေါ်မှ ရွာထဲဝင်လာခဲ့သလဲ၊ ဒေါ်အိုစာ ရွာထဲမဝင်ခဲ့တာ ဆယ်နှစ်ကျော်ပြီ၊ ဘာကြောင့် မိုးကြိုးအလောင်းကို လိုချင်သလဲ၊ အင်း ... သာအေးတို့ ပြန်လာရင်တော့ သတင်းရချင် ရမှာပါ''

လို့ တွေးတောမိတယ်။ ဒီအချိန်မှာပဲ ...

''သူကြီး သူကြီး ... ရွာထိပ်မှာ လူစိမ်းတွေ ရောက်နေတယ်''

ဆိုတဲ့အသံနဲ့အတူ အူယားဖားယားပြေးလာတဲ့ သာအေးတို့လူစုကို တွေ့ရတယ်။

သာအေးတို့အော်သံကြောင့် သူကြီးဟာ ထိတ်လန့်သွားပြီး ...

''ဘာ ... လူစိမ်းတွေ ... ဟုတ်လား၊ ဘယ်သူတွေလဲ ဓားပြတွေလား၊ အမြန်ပြောစမ်းကွာ''

လို့ အလောတကြီး မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သာအေးက ရေတစ်ခွက်ကို ပြေးခပ်သောက်ပြီး ...

"ရွာထိပ် လယ်ကွင်းမှာ မြင်းနဲ့ လူငါးယောက် တွေ့ခဲ့တယ်၊ ရုပ်ကြီးတွေက လူဆိုးလူမိုက်ရုပ်ကြီးတွေဗျ၊ ကျုပ်တို့ကိုမြင်တော့ မိုးကြိုးပစ်ခံရလို့ သေတဲ့လူ၊ ဒီရွာမှာရှိသလားလို့ မေးတယ်၊ ကျုပ်က သူကြီးအိမ်မှာရှိကြောင်း ပြောလိုက်မိတယ်၊ သူတို့ ဒီကို ရောက်လာလိမ့်မယ်"

လို့ ပြောတဲ့အခါ ဘိုးချစ်မြိုင်က ...

"မင်းတို့ သွားစုံစမ်းတဲ့သတင်းရော ဘာထူးသလဲ"

လို့ မေးလိုက်တယ်။

"ကျုပ်တို့ အနီးအနားရွာတွေအားလုံး စုံစမ်းခဲ့တယ်၊ ဘယ်ရွာမှ လူပျောက်မရှိဘူး သူကြီး"

သာအေးရဲ့အဖြေကြောင့် သူကြီးဟာ အကြီးအကျယ် စိတ်ရှုပ်သွားရတယ်။

"ဟင်း ... မိုးကြိုးအလောင်းဟာ တကယ်ပဲ ပိုင်ရှင်မဲ့ရပြီ၊ ဒေါ်အိုစာပြောတဲ့အတိုင်း ဖြစ်နေပြီထင်တယ် ... ငါ ဘာလုပ်ရမှာလဲ"

သူကြီးရဲ့ အတွေးမဆုံးခင်ဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



'ခွပ် ..ခွပ် ..ခွပ်'

'ခွပ် ..ခွပ် ..ခွပ်'

ဆိုတဲ့ မြင်းခွာသံတွေကို ကြားလိုက်ရတယ်။

ဖုန်လုံးထောင်းထောင်းထအောင် အပြင်းနှင်လာတဲ့ မြင်း ငါးစီး သူကြီးရဲ့ခြံဝိုင်းထဲကို တစ်ရှိန်ထိုး မောင်းနှင်လာတယ်။

မြင်းသမားတွေက ဆေးတံကြီးခဲပြီး ရပ်နေတဲ့သူကြီးရှေ့ တံ့ခနဲ ရပ်လိုက်ပြီး ...

"မိုးကြိုးအလောင်း ဘယ်မှာလဲ ...ကျုပ်တို့ ကြည့်ချင်တယ်"

လို့ ပါးမြိုင်းမွေးနဲ့လူတစ်ယောက်က ပြောလာတယ်။

သူကြီးဘိုးချစ်မြိုင်က ထိုလူကို မျက်မှောင်ကြုတ်ကြည့်ရင်း

"မင်းတို့က ဘယ်သူတွေလဲ ...ဘာကြောင့် မိုးကြိုး အလောင်းကို ကြည့်ချင်ရသလဲကွ"

လို့ ခပ်ဆတ်ဆတ် ပြန်မေးလိုက်တယ်။

ပါးမြိုင်းမွေးနဲ့လူက မြင်းပေါ်က လွှားခနဲခုန်ဆင်းလိုက်ပြီး

"ကျုပ်နာမည် ဂမ္ဘီရဆရာမြိုင်၊ ကျုပ်ရဲ့အလုပ်က အရပ်

www.burmeseclassic.com

www.burmeseclassic.com



တကာလှည့်ပြီး ဂမ္ဘီရပညာတွေကို ရှာဖွေစုဆောင်းတဲ့ အလုပ်၊ ခင်ဗျား တို့ရွာမှာ မိုးကြိုးပစ်ခံရလို့ လူသေတဲ့သတင်း ကျုပ်တို့သိထားတယ်၊ ဒါကြောင့် ကျုပ် အလောင်းကိုကြည့်ချင်တယ်"

လို့ မာထန်တဲ့လေသံနဲ့ ပြောတယ်။

သူကြီးဟာ သက်ပြင်းသဲ့သဲ့ချရင်း ...

"ကျုပ်ကတော့ ဂမ္ဘီရတွေ,ဘာတွေ နားမလည်ဘူး၊ ခရီးသွားတွေအနေနဲ့ အလောင်းကိုကြည့်ချင်တယ်ဆိုရင်တော့ ရတယ် ... ဒါပေမဲ့ ကြည့်ရုံသက်သက်ပဲ ရမယ်နော်"

လို့ပြောပြီး သာအေးကို မိုးကြိုးအလောင်းရှိရာ လိုက်ပြဖို့ ပြောလိုက်တယ်။

သာအေးက မြင်းသမားတွေကို ခြံအနောက်မှာထားတဲ့ အလောင်းရှိရာ ခေါ်သွားတယ်။

မြင်းသမားတွေဟာ မိုးကြိုးအလောင်းကို အနီးကပ်ကြည့် ရှုရင်း မျက်လုံးတွေ အရောင်တောက်လာတယ်။

ဂမ္ဘီရဆရာမြို့င်ဆိုသူက မိုးကြိုးအလောင်းကို တစိမ့်စိမ့် ကြည့်ရှုရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"လျှပ်စီးတန်းကြီးဟာ သေသူရဲ့ကိုယ်ကို ဖောက်ဝင်သွားတာပဲကွ၊ ဟောဒီမသာရဲ့ကိုယ်ထဲမှာ မိုးကြိုးသွားရှိရမယ်၊ မိုးကြိုးသွားအစစ်သာရရင် တို့အတွက် ပွဲပြတ်ပြီကွ"

လို့ အနီးကလူကို ဝမ်းသာအားရ လှမ်းပြောတယ်။

ထိုလူက ဆရာမြိုင်ကို လက်ကုတ်ပြီး အနားမှာရပ်နေတဲ့ သာအေးကို မေးငေါ့ပြတယ်။

ဆရာမြိုင်ဟာ ဒီတော့မှ စကားကိုအရှိန်သတ်ပြီး သူကြီးရှိရာ ပြန်လျှောက်သွားတယ်။

"ဒီမယ်သူကြီး ... မိုးကြိုးအလောင်းကို ကျုပ်လိုချင်တယ်၊ ရွှေတစ်ပိသာ ပေးမယ်ဗျာ ... ကျုပ်ကို ရောင်းပါ"

ဂမ္ဘီရဆရာမြိုင်ရဲ့စကားကြောင့် သူကြီးဟာ မျက်ခုံးထူကြီးတွေ မြင့်တက်မတတ် အံ့ဩသွားတယ်။

"ကျုပ်တစ်သက်မှာ အလောင်းကို ရွှေပေးပြီးဝယ်တာ ဒီတစ်ခါပဲ ကြုံဖူးသေးတယ်၊ ဒါပေမဲ့ စိတ်မကောင်းဘူးဗျာ ... ကျုပ်အနေနဲ့ မိုးကြိုးအလောင်းကို၊ ရွှေတစ်ပိသာ မပြောနဲ့ ... ပြည်တန်ပတ္တမြားကြီးနဲ့ လဲမယ်ဆိုရင်တောင် မလဲနိုင်ပါဘူး၊ ခင်ဗျားတို့ ပြန်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါတော့''

သူကြီးဘိုးချစ်မြိုင်ရဲ့စကားကြောင့် ဂမ္ဘီရဆရာမြိုင်ဟာ မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

ပြီးတော့ သူကြီးကို စူးစိုက်ကြည့်ရင်း ...

''ခေါင်းမမာနဲ့သူကြီး ... ဂမ္ဘီရဆရာမြိုင်ဆိုတဲ့ ကျုပ်က လိုချင်တာကို ရအောင်ယူတတ်တယ်၊ အလောင်းတစ်ခုကြောင့် စစ်မဖက်ချင်ဘူး၊ ခင်ဗျားကို ကျုပ် အချိန်ပေးမယ် ... သေချာစဉ်းစားပါ၊ ကျုပ်တို့အဖွဲ့တွေ ရွာပြင်မှာ စခန်းချနေမယ်၊ ခင်ဗျား ခေါင်းအေးအေးထားပြီး စဉ်းစားစမ်း''

လို့ပြောပြီး မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်တယ်။

ဂမ္ဘီရဆရာမြိုင်တို့အဖွဲ့ဟာ မြင်းဇက်ကြိုးကို အပြင်းနှင်ပြီး ပြန်လည်ထွက်ခွာသွားကြတယ်။

သူကြီးဘိုးချစ်မြိုင်တစ်ယောက် လေပူတစ်ချက် မှုတ်ထုတ်ရင်း စိတ်ပျက်ပြီး ကျန်ရစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၅ )

## သူကြီး ... ဘာလုပ်မလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

**ရှာဓန်ရှိ** တောင်နိုကုန်းပေါ် ...

ဒေါ်အိုစာတစ်ယောက် သစ်လုံးအိမ်လေးရဲ့အတွင်းမှာ ငြိမ်သက်စွာ ထိုင်နေတယ်။ သူမရဲ့အရှေ့မှာ အနက်ရောင်ကတ္တီပါစ အုပ်လွှမ်းထားတဲ့ စားပွဲတစ်လုံး။

www.burmeseclassic.com

www.burmeseclassic.com



ထိုစားပွဲပေါ်မှာတော့ အနီရောင် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိထားတယ်။ ဖယောင်းတိုင်ရဲ့နံဘေးမှာတော့ အနီရောင် စေးပျစ်ပျစ်အရည် ထည့်ထားတဲ့ ခွက်တစ်ခု။

ဒေါ်အိုစာဟာ အနက်ရောင်ပဝါတစ်ထည်ကို ခြုံလွှမ်းပြီး ဖန်လုံးကို ကိုင်မြှောက်လိုက်တယ်။ ပြီးတော့ မျက်လုံးကို စုံမှိတ်ပြီး နှုတ်က တတွတ်တွတ် ရွတ်ဆိုလိုက်တယ်။

ဒေါ်အိုစာရဲ့တစ်ကိုယ်လုံး နတ်ဝင်သည်တစ်ယောက်လို ယိမ်းထိုးလှုပ်ရှားနေတယ်။ အတန်ကြာအောင် ရွတ်ဆိုပြီးမှ သူဟာ စားပွဲပေါ်က သေတ္တာလေးတစ်လုံးကို ဖွင့်လိုက်တယ်။

မီးခိုးငွေ့လို အခိုးငွေ့တန်းတွေ သေတ္တာလေးထဲက လိုက်တက်လာတယ်။

ဒေါ်အိုစာဟာ ထိုအခိုးအငွေ့တွေကို စူးစိုက်ကြည့်ရင်း "ငါဟာ ဟောဒီရွာမှာ အသက်အရှည်ဆုံး လူသားတစ်ယောက် ဖြစ်တယ်၊ ငါ ဘာကြောင့် အသက်ရှည်ရသလဲ၊ ငါ့ရဲ့ 'မရဏလွန်ဆေး' လို့ခေါ်တဲ့ ဆေးအစွမ်းကြောင့် ဖြစ်ခဲ့တယ်၊ ငါဟာ 'မရဏလွန်ဆေး' ကို အောင်မြင်စွာဖော်စပ်ပြီး အသက်တစ်ရာကျော်

www.burmeseclassic.com

www.burmeseclassic.com


အောင် နေထိုင်နိုင်ခဲ့တယ်၊ ဒါပေမဲ့ 'မရဏာလွန်ဆေး' ရဲ့အစွမ်းက တစ်သက်မှာ တစ်ကြိမ်သာ ဖော်စပ်လို့ရတယ်၊ တစ်ကြိမ်ပဲ အသုံးပြု လို့ရတယ်၊ မကြာခင်မှာ 'မရဏာလွန်ဆေး' အစွမ်းတွေ ပျောက်ပြယ် တော့မယ်၊ လောကပါလနတ်မင်းကြီးရဲ့ စောင့်ရှောက်မှုကြောင့် ငါဟာ မကြာခင်မှာ မိုးကြိုးအလောင်းကို ရရှိတော့မယ်၊ မိုးကြိုးရောင်ခြည်မှာ သဘာဝရဲ့ ထူးခြားတဲ့ စွမ်းအင်သတ္တိတွေ ရှိနေတယ်၊

မိုးကြိုးအလောင်းကို အသုံးပြုပြီး၊ ငါ့အတွက် ထာဝရ မသေဆေးကို ဖော်စပ်ရမယ်၊ ဒီအခါမှာ ငါဟာ ဟောဒီရွာတွင်သာ မက ကမ္ဘာလောကကြီးရဲ့ ထာဝရရှင်သန်သော လူသား ဖြစ်လိမ့်မယ်၊ ငါ ဘယ်တော့မှ မသေဆုံးနိုင်တော့ဘူး ... ဟား ဟား ဟား ... ဟား ဟား ဟား''

လို့ အလွန်အောတဲ့အသံကြီးနဲ့ ရေရွတ်လိုက်တယ်။

ဒေါ်အိုစာရဲ့ ဟားတိုက်ရယ်မောသံကြီးက တောင်နီကုန်း တစ်ခုလုံး ဟိန်းထွက်သွားတယ်။ ရယ်မောသံကြီးအဆုံးမှာတော့ ဆဲ့ ငင်စွာအူလိုက်တဲ့ ခွေးအူသံကြီးက အဆက်မပြတ် ထွက်လာတယ်။

အရပ်လေးမျက်နှာက လေပြင်းတွေ တဝေါဝေါ တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်လာတယ်။ ပြတင်းပေါက်ဆီမှ တိုးဝင်လာတဲ့ လေပြင်းတွေကြောင့် ဖယောင်းတိုင်မီးဟာ ဖျတ်ခနဲ ငြိမ်းသွားတယ်။

ဒေါ်အိုစာဟာ သူမရဲ့ ဆေးဖယောင်းတိုင်ကြီး မီးငြိမ်းသွားခြင်းကြောင့် မျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

ဒီအချိန်မှာပဲ သူမရဲ့ ကံကြမ္မာဖတ် ဖန်လုံးလေးဟာ လင်းခနဲ လက်သွားပြီး အနီရောင်လွှမ်းမိုးသွားတယ်။

"ဟင် ...ကံကြမ္မာဖတ် ဖန်လုံးလေးက အနီရောင်လွှမ်းမိုးနေပါလား၊ ဒါဟာ မကောင်းတဲ့နိမိတ်ပဲ"

ဒေါ်အိုစာဟာ ဖန်လုံးလေးကို စူးစိုက်ကြည့်ပြီး အထိတ်တလန့် ရေရွတ်လိုက်တယ်။

သူမရဲ့ သစ်လုံးအိမ်အမိုးပေါ် အုံ့ဖွဲ့နားခိုနေတဲ့ ကျီးနက်တွေရဲ့ စူးစူးဝါးဝါးထိုးအာသံက ခွေးအူသံတွေကို ဖုံးလွှမ်းသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၆ )

## မိုးကြိုးအလောင်းကို ဒေါ်အိုစာ ရမှာလား ?

www.burmeseclassic.com

www.burmeseclassic.com

**ရှာပြင်** ကွင်းပြင်တစ်နေရာ . . .

ဂမ္ဘီရဆရာမြိုင်တို့လူစုဟာ အဆက်မပြတ် ထွက်ပေါ်နေတဲ့ ခွေးအူသံကြောင့် ကျောစိမ့်သလို ခံစားနေရတယ်။

ဆရာမြိုင်ရဲ့ တပည့်တစ်ယောက်က ဆယ်သားခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ကို အားပါးတရကိုက်ဝါးနေတဲ့ ဆရာမြိုင်ကို ကြည့်ပြီး ...

"ဆရာကြီး ... အချိန်က သန်းခေါင်ချိန်ရောက်နေပြီဗျ၊ ဆတ်သားခြောက်ဖုတ်ကို မစားပါနဲ့"

လို့ ပြောလိုက်တယ်။

"ဟ ... သန်းခေါင်ချိန်နဲ့ ဆတ်သားခြောက် ဘာဆိုင်လဲကွ၊ ဘာလဲ ... ခွေးအူသံကြားလို့ မင်း ကျောချမ်းနေပြီလား"

ဆရာမြိုင်ရဲ့စကားကြောင့် တပည့်ဖြစ်သူက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ရင်း ...

"ကျုပ် ... ကျုပ်တို့ စခန်းချတဲ့နေရာက မိုးကြိုးပစ်ခံရလို့ လူသေခဲ့တဲ့နေရာကြီး၊ ဒီနေရာဟာ အစိမ်းသေနေရာကြီးဗျ၊ ဒီနေရာမှာ ဆရာကြီးက အသားစိမ်းစားနေတာဆိုတော့ ..."

လို့ ပြောစကားမဆုံးခင်ဘဲ ဆရာမြိုင်က အူကက်မတတ် ရယ်မောလိုက်ပြီး ...

"ဟား ဟား ဟား ... မင်းဟာ ငါ့တပည့်လုပ်ပြီး တွေးကြောက်နေတယ်၊ ငါဟာ နယ်တကာလှည့်ပြီး ဂမ္ဘီရပညာရပ်တွေကို ရှာဖွေလိုက်စားခဲ့တဲ့လူပါကွ၊ ဒီလို လယ်ကွင်းမပြောနဲ့ ... သင်္ချိုင်း

www.burmeseclassic.com

www.burmeseclassic.com



မြေမှာတောင် လနဲ့ချီပြီး ကျင့်စဉ်တွေကျင့်ခဲ့ရတာ၊ လောကမှာ နာနာဘာဝဆိုတာ မရှိဘူး ငါ့ကောင်ရဲ့ မင်းကြောက်ရင် စောင်ခြုံပြီးအိပ်လိုက်တော့၊ ငါကတော့ မိုးကြိုးသွား,ရဖို့အရေး ဉာဏ်နီဉာဏ်နက်ထုတ်ရဦးမယ်ဟေ့''

လို့ ပြောလိုက်တယ်။

ဒီအခါမှာ ကျန်တစ်ယောက်က ...

''မိုးကြိုးသွားဆိုမှ သတိရတယ် ... သူကြီးကို ရွှေတစ်ပိသာတောင် ပေးမယ်ဆိုတော့ မများလွန်းဘူးလား ဆရာကြီး၊ ဆရာကြီးလိုချင်တဲ့အရာဆို တစ်ပြားမှမကုန်ဘဲ အမြဲရယူခဲ့တဲ့ဟာ''

လို့ ပြောတဲ့အခါ ဆရာမြိုင်က တစ်ချက်မျှပြုံးလိုက်ပြီး

''မင်းတို့ ငါ့တပည့်လုပ်ပြီး သိပ်ညံ့တယ်၊ ဆရာမြိုင်ရဲ့ရာဇဝင်မှာ လိုချင်တာကို ရအောင်ယူတယ်၊ ပြီးရင် ဇာတ်လမ်းအားလုံးအပြတ်ရှင်းပစ်တာကြီးပဲကွ၊ ဒီသူကြီးက အူကြောင်ကြောင်သူကြီးကွ၊ ငါက ရွှေနဲ့လဲမယ်ဆိုတာတောင် ဒင်းက မလှုပ်ဘူး၊ ငါ့အတွက် မိုးကြိုးအလောင်းဟာ တန်ဖိုးမဖြတ်နိုင်ပေမယ့် ဒင်းတို့အတွက်က မသာကောင်ကြီးပဲ၊ မိုးကြိုးအလောင်းကို ရအောင်ယူမယ်၊ ပြီးရင် ထုံးစံအ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း တစ်ရွာလုံး မီးမြိုက်ပစ်ရမယ်ကွ၊ သိပ်ကြည့်ကောင်းတဲ့ ပွဲပဲ . . . ဟား ဟား .ဟား ဟား''

လို့ ဟားတိုက်ရယ်မောလိုက်တယ်။

ထိုအချိန်မှာပဲ ကြောက်တတ်တဲ့တပည့်က . . .

''ဆ . . . ဆရာကြီး . . . ဟို ရိုးပြတ်နားမှာ မည်းမည်း အရာကြီး တွေ့ရတယ်''

လို့ အထိတ်တလန့် အော်တယ်။

ဆရာမြိုင်နဲ့ ကျန်လူတွေဟာ ထိုလူညွှန်ပြရာကို လှမ်းကြည့်ရင်း . . .

''ဘာမှ မရှိဘူးကွ . . . မင်းစိတ်က သိပ်ကြောက်နေလို့ နေမှာပါ၊ အိပ်လိုက်တော့ တပည့်ကြီး''

ဆရာမြိုင်ရဲ့စကားကို ထိုလူက ဂရုမပြုဘဲ ရိုးပြတ်ဘက်ကိုသာ စူးစိုက်ကြည့်နေတယ်။

''လှုပ် . . . လှုပ်နေပြီ ဆရာကြီး၊ ကျုပ် . . . ကျုပ်တို့ တစ္ဆေခြောက်ခံနေရပြီ''

တပည့်ရဲ့စကားကြောင့် ဆရာမြိုင်ဟာ စိတ်မရှည်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ...

"ကဲ ... မင်းတို့နှစ်ယောက် သွားကြည့်လိုက်စမ်း။ ဘာမှ မဟုတ်ဘူးလို့ ပြောလည်းမရဘူး၊ ငါတို့အမြင်မှာတော့ ရိုးပြတ်ကြီးပဲ ရှိတယ်"

လို့ ရေရွတ်လိုက်တယ်။

တပည့်နှစ်ယောက်ဟာ ကြောက်တတ်တဲ့လူကို မကျေမနပ်ကြည့်ရင်း ထိုနေရာကို ထသွားကြတယ်။

ဆရာမြိုင်ကတော့ ဆတ်သားခြောက်ကို ဆက်ပြီး ကိုက်ဝါးနေတယ်။

အတန်ကြာတဲ့အခါမှာတော့ ရိုးပြတ်ကြီးမှ ...

"အား" ခနဲ ငယ်သံပါအောင် အော်လိုက်တဲ့ အသံနက်ကြီးကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၇ )

## ဆရာမြိုင်ရဲ့ တာဝသိန္နှစ်ယောက်ဘာဖြစ်တာလဲ

www.burmeseclassic.com

www.burmeseclassic.com

**သူကြီးကတော်** ဒေါ်တုတ်ကြီးတစ်ယောက် အိပ်နေရာက စူးစူးဝါးဝါး အော်ဟစ်လိုက်တယ်။

မိန်းမဖြစ်သူရဲ့ အော်သံကြောင့် သူကြီးအိုးချစ်မြိုင်ဟာ လန့်နိုးသွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"မတုတ် မတုတ် ... ဘာဖြစ်တာလဲ ... ထ ... ထ စမ်း"

လို့ လှုပ်မေးလိုက်တဲ့အခါ ဒေါ်တုတ်ကြီးက ငေါက်ခနဲ ထထိုင်ပြီး ...

"အ ... အလောင်းမည်းကြီး အသက်ရှိတယ်၊ ကျုပ် ... ကျုပ်တို့အိမ်ထဲမှာ လျှောက်သွားနေတယ်၊ ပြီး ... ပြီးတော့ ကျုပ် အခြောက်လှန်းထားတဲ့ အသားစိမ်းတွဲကြီးကို ထိုင်ပြီး အားပါး တရ စားသောက်နေတယ်၊ ဒီအလောင်းကြီးက အသက်ရှိတယ်တော့၊ ဒါကြီး အိမ်မှာရှိတာ ကျုပ် မသတီတော့ဘူး ... သင်္ချိုင်းကုန်း ပို့လိုက် ပါတော့"

လို့ သွေးရူးသွေးတန်း အော်ဟစ်ပြောလိုက်တယ်။

သူကြီးက ဒေါ်တုတ်ကြီးရဲ့လက်အစုံကို ဆုပ်ကိုင်ရင်း

"နင့်စိတ်တွေ သိပ်ချောက်ချားနေပြီ မတုတ်၊ အလောင်း ကို သင်္ချိုင်းပို့ဖို့က မဖြစ်နိုင်ဘူး၊ နှစ်ရက်ပြည့်ရင် အလောင်းကို ဒေါ်အိုစာလက်ထဲ ငါထည့်ပေးရမှာ၊ သွေးလေချောက်ချားပြီး အိပ်မက် မက်တာပါ မတုတ်ရယ် ... ပြန်အိပ်တော့နော်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဖျောင်းဖျစကားဆိုတယ်။

ဒေါ်တုတ်ကြီးက ခေါင်းခါယမ်းလိုက်ရင်း ...

"ဟင့်အင်း ... အလောင်းကြီး အိမ်မှာရှိရင် ကျုပ်မနေဘူး၊ ဒေါ်အိုစာ့ကို အမြန်ဆုံး ပေးလိုက်ပါ၊ မဟုတ်လို့ကတော့ ကျုပ်အိမ်က ဆင်းမယ် ...ဒါပဲ"

လို့ တစ်ချက်လွှတ်အမိန့် ပေးတယ်။

မိန်းမဖြစ်သူရဲ့စကားကြောင့် သူကြီးဘိုးချစ်မြိုင်ဟာ အကြီးအကျယ် စိတ်ညစ်သွားရတယ်။

ဒီအချိန်မှာပဲ ဘိုးချက်ရောက်လာပြီး ...

"မိုးကြိုးအလောင်းကို ဒေါ်အိုစာ့ ပေးစရာမလိုဘူး ... ရွှေတစ်ပိသာနဲ့ ပေးဝယ်တဲ့လူတွေကိုပဲ ရောင်းမယ်၊ ရွှေတစ်ပိသာ ရရင် ကျုပ် မြို့တက်ပြီး သူဌေးလုပ်လို့ရတယ်ဗျ ...အဘ ဘာသိလို့လဲ"

လို့ ပြောလာတယ်။

ဘိုးချက်ရဲ့စကားကြောင့် သူကြီးဘိုးချစ်မြိုင် မျက်နှာတင်းသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဘိုးချက် ... လူကြီးတွေကိစ္စ မင်း ဝင်မရှုပ်နဲ့၊ ဒေါ်အိုစာဆိုတာက ငါတို့အဘိုးလက်ထက်ကတည်းက ဆရာသမားတစ်ယောက်လို ကိုးကွယ်ခဲ့တဲ့သူကွ၊ ဒေါ်အိုစာဟာ မြန်မာဆေးဖော်စပ်ရာမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သလို အစီအရင်နည်းတွေလည်း ပေါက်မြောက်တဲ့လူတစ်ယောက် ဖြစ်တယ်၊ ဒေါ်အိုစာ့ဆန္ဒကို လွန်ဆန်ပြီး ငွေမျက်နှာကြည့်လို့ မရဘူး၊ မိုးကြိုးအလောင်းရဲ့ပိုင်ရှင်ဟာ ဒေါ်အိုစာပဲကွ ... မင်း ထွက်သွားစမ်း"

လို့ ငေါက်ငမ်းလိုက်တယ်။

ဘိုးချက်က ဖခင်ကို မကျေမနပ်ကြည့်ပြီး 'တောက်' တစ်ချက် ခေါက်လိုက်တယ်။

ပြီးတော့ လက်သီးကို ကျစ်နေအောင်ဆုပ်ရင်း ချာခနဲ လှည့်ထွက်သွားတယ်။

ဘိုးချက်ရဲ့ခြေလှမ်းတွေက ရွာပြင်လယ်ကွင်းရှိရာ ဦးတည်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၈ )

## သူကြီးသား ဘိုးချက် ဘာလုပ်မှာလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

**ဗိန္ဒော** ဆရာပျိုတစ်ယောက် မိုးကြိုးအလောင်းနဲ့ ပတ်သက်ပြီး စဉ်းစားခန်းဝင်နေချိန် . . .

"ဘယ်လိုလဲ ဆေးဆရာကြီး . . . အလောင်းကို မယူသေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



အောရှရှအသံကြောင့် ဆရာပျို့ဟာ ဆတ်ခနဲ တုန်သွားတယ်။

နောက်လှည့်ကြည့်လိုက်တော့ အမှောင်ရိပ်ထဲရပ်နေတဲ့ အနက်ရောင်ဝတ်စုံနဲ့လူကို တွေ့လိုက်ရတယ်။

''မောင်ရင် ဘယ်လိုလုပ်ပြီး ကျုပ်အိမ်ထဲ ရောက်လာသလဲ၊ အိမ်တံခါးတွေ ကျုပ်ပိတ်ထားတာ၊ မောင်ရင် လူမှဟုတ်ရဲ့လား''

ဆရာပျို့ရဲ့စကားကြောင့် လူငယ်ဟာ တဖြည်းဖြည်း ခေါင်းမော့လာတယ်။

''ကျုပ် လူအစစ်ပါ ဆရာပျို့၊ ကျုပ်ရဲ့ကိစ္စကို ခင်ဗျား ကူညီမှရမယ်၊ မိုးကြိုးအလောင်းဟာ ကျုပ်အတွက် သိပ်အရေးကြီးတယ်၊ ခင်ဗျား ရအောင်ယူပေးပါ''

ဆရာပျို့က ခုံအလွတ်တစ်ခုကို ညွှန်ပြရင်း ...

''ထိုင် မောင်ရင် ... အေးအေးဆေးဆေး ပြောကြတာပေါ့၊ မောင်ရင့်ကိစ္စကို အစအဆုံး ပြောပြပါ ... ကျုပ် စဉ်းစားမယ်၊ ကူညီသင့်ရင် ကူညီပေးမယ်''

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က ဆရာပျို့ညွှန်ပြတဲ့နေရာမှာ ဝင်ထိုင်လိုက်တယ်။

"ကျုပ်နာမည် မင်းစံလို့ခေါ်တယ်၊ ကျုပ်တို့မှာ ညီအစ်ကို နှစ်ယောက်ရှိတယ်၊ ကျုပ်ရဲ့အမေဟာ အိပ်ရာထဲလဲနေတာ နှစ်ပေါင်း မနည်းခဲ့ဘူး၊ တကယ်တော့ ဒီကိစ္စတွေအားလုံးဟာ အမေ့ကြောင့် ဖြစ်ခဲ့ရတာပဲ"

မင်းစံဟာ ပြောရင်း ကြေကွဲဆို့နစ်ဟန်နဲ့ အသံတွေ တိမ်ဝင်သွားတယ်။ ဆရာပျို့က မင်းစံရဲ့စကားကို ဝင်ထောက်တဲ့အနေနဲ့ ...

"မောင်မင်းစံရဲ့အမေက ဘာကြောင့် အိပ်ရာထဲလဲနေရတာလဲ"

လို့ မေးလိုက်တယ်။

မင်းစံက အဝေးဆီကို ရီဝေစွာ ငေးစိုက်ကြည့်ရင်း ...

"ကျုပ်အမေဟာ အထက်လမ်းဆရာတစ်ယောက်ရဲ့ ကျိန်စာမိခြင်းခံရတဲ့ လူတစ်ယောက်ပါ၊ ကျုပ်တို့အဘိုးဟာ တစ်ချိန်က သီပေါအရှင်ထံမှာ အခစားဝင်ရတဲ့ အမတ်ကြီးတစ်ယောက် ဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အရှင်နှစ်ပါး ပါတော်မူပြီးချိန်မှာ အဘိုးဟာ ရတနာပုံ ရွှေမြို့တော်ကြီးကို စွန့်ခွာပြီး အောက်ပြည်အောက်ရွာမှာ ဇာတ်မြှုပ်နေဖို့ ကြိုးစားခဲ့တယ် ...

အောက်ပြည်ဘက်ကိုဆင်းလာရင်း လမ်းမှာ လမ်းဓားပြတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ လမ်းဓားပြတွေကြောင့် ကျုပ်ရဲ့အဘွား သေဆုံးခဲ့ရတယ် ...

အဘိုးဟာ ကျုပ်အမေကို လက်ဆွဲပြီး လမ်းဓားပြတွေလက်က ထွက်ပြေးခဲ့ရတယ်၊ အဘိုးရဲ့လက်ထဲမှာ သူ တစ်သက်လုံးစုဆောင်းခဲ့တဲ့ ရတနာထုပ်ကြီးပါနေတယ်၊ အဲဒီရတနာထုပ်ထဲမှာ တန်ဖိုးအရှိဆုံးကတော့ သီပေါအရှင် ဦးမြှင့်မြှောက်စားခဲ့တဲ့ စိန်ပွင့်ကြီးတစ်ပွင့်လည်း ပါခဲ့တယ်၊ အဘိုးဟာ ပြေးလွှားရင်း အဲဒီရတနာထုပ်ကို တစ်နေရာမှာ လျှို့ဝှက်ဖွက်ထားခဲ့တယ်၊ ပြီးတော့ ရန်ကုန်မြို့ကိုသွားပြီး သာမန်လူတစ်ယောက်အနေနဲ့ ဇာတ်မြှုပ်နေထိုင်ခဲ့တယ်၊ အဲဒီမှာပဲ ကျုပ်အဘိုးရဲ့ဘဝကို ကြမ္မာဆိုးကြီးကျရောက်ခဲ့ရတာပါပဲ''

လို့ ပြောပြီး စကားကို ရပ်နားလိုက်တယ်။

ဆရာပျို့က မင်းစံရဲ့စကားကို စိတ်ဝင်တစား နားထောင်

www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ...

"မောင်ရင့်အဘိုးနဲ့ မိုးကြိုးအလောင်းနဲ့က ဘယ်လိုများ ဆက်စပ်မှု ရှိနေလို့လဲ၊ ကျုပ် သိပ်စိတ်ဝင်စားတယ် ... ဆက်ပြော ပါ မောင်မင်းစံ"

လို့ ပြောလိုက်တယ်။

မင်းစံက တံတွေးတစ်ချက် မျိုချပြီး ...

"ကျုပ်အဘိုးဟာ နန်းတွင်းမှာအမှုထမ်းစဉ်က အင်မ တန်ချစ်ခင်တဲ့ သူငယ်ချင်းအမတ်ကြီးတစ်ဦး ရှိခဲ့တယ်၊ အဲဒီအမတ် ကြီးက ဂမ္ဘီရပညာရပ်တွေမှာ ဝါသနာထုံတယ်၊ အဘိုးဟာ ရန်ကုန်မြို့ မှာ ဇာတ်မြှုပ်နေထိုင်ရင်း သူငယ်ချင်းအမတ်ကြီးနဲ့ ပြန်ဆုံခဲ့တယ်၊ ပြန်ဆုံပြီး သိပ်မကြာခင်မှာပဲ သူငယ်ချင်းအမတ်ကြီးက အဘိုးကို သီပေါအရှင်ချီးမြှင့်ခဲ့တဲ့ စိန်ပွင့်ကြီး ကြည့်ချင်ကြောင်း ပြောခဲ့တယ်၊ အဘိုးက သူ့မှာမရှိကြောင်း ငြင်းဆိုပေမယ့် အမတ်ကြီးက ယုံကြည်မှု မရှိခဲ့ဘူး၊ အမတ်ကြီးဟာ သီပေါအရှင်ချီးမြှင့်ခဲ့တဲ့ စိန်ပွင့်ကြီးကို လိုချင်ရမ္မက်ပြင်းစွာဖြစ်ပြီး အဘိုးကို ကျိန်စာတိုက်ခဲ့တယ် ...

အမတ်ကြီး ကျိန်စာတိုက်ပြီး သိပ်မကြာခင်မှာ အဘိုးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကောက်ခါငင်ခါကြီး သေဆုံးခဲ့ရတယ်၊ အဘိုး မသေဆုံးခင်မှာ ကျုပ် အမေကိုခေါ်ပြီး မြေပုံလိပ်လေးတစ်ခု ပေးအပ်ခဲ့တယ်၊ အဘိုးသေဆုံး ပြီး မကြာခင်မှာ အဘိုးရဲ့သူငယ်ချင်း အမတ်ကြီးဟာ ကျုပ်အမေဆီကို ရောက်လာခဲ့တယ် ...

စိန်ပွင့်ကြီးကို သူ့လက်မအပ်ရင် ဘစ်သက်လုံး အိပ်ရာ ထဲက မထနိုင်အောင် လုပ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်၊ အမေက စိန်ပွင့်ကြီးကို သူ မသိရှိကြောင်း၊ သူ့လက်မှာလည်း မရှိကြောင်း ပြောခဲ့ပေမယ့် အမတ်ကြီးက လက်မခံခဲ့ဘူး၊ အဲဒီနောက်မှာတော့ ကျုပ်အမေဟာ အမတ်ကြီးရဲ့စကား စူးတာလားတော့မသိဘူး ... အမျိုးသမီးရောဂါနဲ့ အိပ်ရာထဲ လဲခဲ့ရတယ်၊ အမတ်ကြီးကလည်း အကြိမ်ကြိမ်ရောက်လာပြီး စိန်ပွင့်ကြီးကို တောင်းခဲ့တယ်၊ အမေက လည်း အကြိမ်ကြိမ် ငြင်းဆိုခဲ့တယ် ...

နောက်ဆုံးမှာတော့ အမေဟာ ကျုပ်တို့ညီအစ်ကိုနှစ် ယောက်ကို စိန်ပွင့်ကြီးနဲ့ပတ်သက်တဲ့အကြောင်း ဖွင့်ပြောပြတယ်၊ ကျုပ်ရဲ့အစ်ကို မင်းဟန်က အမေကိုသိပ်ချစ်ပေမဲ့ သားလိမ္မာတစ် ယောက်ပါ၊ အစ်ကိုဟာ အကြောင်းစုံကိုသိတဲ့အခါ လူ့အသက်လောက်

www.burmeseclassic.com

www.burmeseclassic.com



ဘာမှအရေးမကြီးဘူး။ အမေသာ ဒီရောဂါပျောက်မယ်ဆိုရင် ကျုပ်အဘိုးရဲ့ရတနာကို တူးဖော်ပြီး အမတ်ကြီးကို စိန်ပွင့်ပေးလိုက်မယ်လို့ ပြောခဲ့တယ် ...

အမေက အမျိုးမျိုးတားဆီးပေမယ့် ကျုပ်ရဲ့အစ်ကိုက ရတနာရှိတဲ့နေရာကို မပြောရင် သူ့ကိုယ်သူ သတ်သေပစ်မယ်လို့ ပြောလိုက်တယ်၊ အစ်ကို့ရဲ့စိတ်ဓာတ်ကို သိတဲ့အမေဟာ ဘယ်လိုမှ မငြင်းဆန်နိုင်တော့ဘဲ အဘိုးပေးခဲ့တဲ့ ရတနာမြေပုံကို ထုတ်ပေးခဲ့တယ်၊ အစ်ကိုမင်းဟန်က ကျုပ်နဲ့တိုင်ပင်ပြီး နှစ်ယောက်အတူ ရတနာရှာဖို့ ခရီးထွက်ခဲ့ကြတယ်''

လို့ပြောရင်း ခဏနားလိုက်တယ်။

''ဒါဆို အခု မောင်မင်းစံရဲ့အစ်ကိုက ဘယ်မှာလဲ ... ရတနာတွေကိုရော ပြန်တွေ့ပြီလား''

ဆရာပျို့ရဲ့အမေးကြောင့် မင်းစံဟာ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်လိုက်တယ်။

''ကျုပ်နဲ့ အစ်ကိုမင်းဟန်ဟာ မြေပုံလမ်းညွှန်အတိုင်း တစ်မြို့ဝင်တစ်မြို့ထွက် ခရီးဆန့်ခဲ့ကြတယ်၊ နောက်ဆုံးမှာတော့ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ဟာ၊ မိုးသည်းထန်တဲ့ညတစ်ညမှာ ရတနာမြှုပ်ထားတဲ့ ရွာကို ရောက်ခဲ့တယ်၊ ရွာစပ်လယ်ကွင်းအဖြတ်မှာတော့ အစ်ကိုဟာ မိုးထိပြီး လဲကျသွားရတယ် ...

ကျုပ်လည်း မိုးရေစက်တွေကြားမှာ စမ်းတဝါးဝါးနဲ့ ရွာထဲ ပြေးဝင်ခဲ့တယ်၊ ခြံတစ်ခြံရှေ့ရောက်တော့ ဗိန္ဒောဆရာပျို့ဆိုတဲ့ ဘုတ် ပြားကို တွေ့ရတယ်၊ ကျုပ် ခင်ဗျားရဲ့ခြံထဲကို ပြေးဝင်ပြီး ကျုပ်အစ်ကိုရဲ့ အသက်ကို ကယ်ဖို့၊ ခင်ဗျားကို ပြောနေစဉ်မှာပဲ လျှပ်စီးတန်းကြီးနဲ့အတူ မိုးကြိုးပစ်တာ ကြုံလိုက်ရတယ်၊ ဒါကြောင့် ကျုပ်ဟာ အစ်ကိုအတွက် စိတ်ပူသွားပြီး၊ ခင်ဗျားအိမ်ကနေ အမြန်ဆုံး ပြန်ထွက်သွားခဲ့ရတာပဲ"

မင်းစံရဲ့စကားကြောင့် ဗိန္ဒောဆရာပျို့ဟာ မျက်လုံး ပြူး ကျယ်သွားတယ်။

"ဟာ ... ဒါဆို မောင်ရင့်အစ်ကိုဟာ မိုးကြိုးပစ်ခံလိုက်ရ ရတာပေါ့၊ ကြားရတာ ကျုပ်ဖြင့် စိတ်မကောင်းလိုက်တာကွယ်၊ လော ကမှာ ကံကြမ္မာဆိုတာ ရှောင်လွှဲလို့ မရနိုင်ဘူး၊ သူ့မှာ ဒီလိုသေဆုံးဖို့ ဖို့ အထုံပါတယ်လို့ ယူဆရမှာပဲ၊ ဒါကြောင့် မောင်ရင်က မိုးကြိုးအ လောင်းကို လိုချင်နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



မင်းစံက သက်ပြင်းချရင်း ...

"ဟုတ်ပါတယ် ... ကျုပ်အစ်ကိုဟာ အမေ့ကို ကျိန်စာဆိုးကြီးထဲက လွတ်မြောက်ဖို့အတွက် အသက်ပါရင်းလိုက်ရတယ်၊ အစ်ကို့ရဲ့ဆန္ဒကို ကျုပ် ဖြည့်စွမ်းပေးရမယ်၊ ပြီးတော့ ကျုပ်အစ်ကိုရဲ့အလောင်းကို ကျုပ်ကိုယ်တိုင် မြေမြှုပ်ခွင့်ရချင်တယ်"

လို့ ပြောလိုက်တယ်။

ဗိန္ဒောဆရာပျိုက တစ်စုံတစ်ခုကို သတိရဟန်နဲ့ အိပ်ခန်းထဲ ဝင်သွားတယ်။ ပြန်ထွက်လာတဲ့အခါ မင်းစံအနားကို လျှောက်သွားပြီး ...

"ဟောဒီစာရွက်လိပ်လေးဟာ မောင်ရင်တို့ရဲ့ ရတနာမြေပုံစာရွက်လေး မဟုတ်လား"

လို့ပြောရင်း စာရွက်လိပ်တစ်ခုကို လှမ်းပေးလိုက်တယ်။

မင်းစံက စာရွက်လိပ်ကို အလျှင်အမြန် ဆွဲယူဖြန့်ကြည့်ရင်း ...

"ဟုတ်တယ် ... ဒါ ကျုပ်တို့ မြေပုံစာရွက်လေးပဲ၊ ခင်ဗျားလက်ထဲ ဘယ်လိုရောက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ တအံ့တသြ မေးလိုက်တယ်။

"မိုးကြိုးပစ်ပြီး နောက်မနက်မှာပဲ အဲဒီနေရာကို ကျုပ် ရောက်ခဲ့တယ်၊ လယ်ကွင်းရဲ့တစ်နေရာက စာရွက်လိပ်ကလေးကို ကျုပ်ရခဲ့တာပဲ"

ဆရာပျို့ရဲ့စကားကြောင့် မင်းစံဟာ မြေပုံစာရွက်ကို ဖြန့်ကြည့်ရင်း ...

"မြေပုံရဲ့အညွှန်းအရဆိုရင် ရတနာတွေမြှုပ်ခဲ့တာ ဒီရွာ ပဲ၊ ဒါပေမဲ့ မြေပုံမှာ တောင်ကုန်းတစ်ခုကိုပဲ ဖော်ပြထားတယ် ... နေရာအတိအကျကို မသိနိုင်ဘူး"

လို့ ပြောလိုက်တယ်။

ဆရာပျို့က မြေပုံစာရွက်လေးကို စူးစိုက်ကြည့်ရင်း ...

"အဲဒီတောင်ကုန်းကို ကျုပ်သိတယ်၊ ဒါပေမဲ့ အဲဒီနေရာ ဟာ မောင်ရင်သွားဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

လို့ လေးတွဲ့တွဲ့အသံနဲ့ ပြောလိုက်တဲ့အခါ မင်းစံက စိတ်ပါလှုပ်ရှားသွားပြီး ...

"ဘာလို့မဖြစ်နိုင်တာလဲဗျ ... အဲဒီနေရာမှာ သားရဲ

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်တွေ ရှိနေလို့လား''

လို့ မကျေမနပ် မေးလိုက်တယ်။

ဆရာပျိုက ခေါင်းကို လေးတွဲ့စွာခါယမ်းလိုက်ရင်း . . .

''သားရဲတိရစ္ဆာန်ထက် ဆိုးတာပေါ့ မောင်ရင်၊ အဲဒီနေရာမှာ စုန်းကဝေလို အစွမ်းထက်တဲ့လူတစ်ယောက်ဟာ နှစ်ပေါင်းရာနဲ့ချီအောင် ကြီးစိုးထားတယ် . . . သူ့နာမည်က ဒေါ်အိုစာတဲ့''

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၄ )

## ဆရာမျိုးနဲ့ မင်းစံ ဘာဆက်လုပ်မလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

**မြှင်းညာသံ** ကြားလိုက်ရုံနဲ့ သူကြီးဘိုးချစ်မြိုင်ရဲ့ခေါင်းထဲ အန္တရာယ်အချက်ပေးသံတွေ ညံစီသွားတယ်။

"အင်း ... ဒေါ်အိုစာပြောသလို အန္တရာယ်ဆိုတော့ ငါ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြန်ပြီ၊ ဒီလူတွေ ရွာက

www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးပြန်ဖို့ပဲ ဆုတောင်းရတော့မယ်''

သူကြီးဟာ စိတ်အတွင်းက ရေရွတ်ပြီး အိမ်အောက်ကို ဆင်းခဲ့တယ်။ မြင်းသမားတွေက သူကြီးရဲ့ခြံဝိုင်းထဲ ရောက်လာပြီး ..

''ဘယ်လိုလဲ သူကြီး ... ကျုပ်ရဲ့ ကမ်းလှမ်းမှုကို လက်ခံမယ် မဟုတ်လား'' လို့ မေးလာတယ်။

''ကျုပ်ကတော့ ဆုံးဖြတ်ချက်ကို ပြင်မှာမဟုတ်ဘူး၊ မိုးကြိုးအလောင်းကို လုံးဝမပေးနိုင်ဘူး''

ဘိုးချစ်မြိုင်ရဲ့စကားကြောင့် ဂမ္ဘီရဆရာမြိုင်ဟာ မြင်းပေါ်က ခုန်ဆင်းလိုက်ရင်း ...

''ဘာကြောင့် ခေါင်းမာသလဲသူကြီး၊ မိုးကြိုးအလောင်းဟာ ခင်ဗျားအတွက် ဘာမှအသုံးမဝင်ပါဘူးဗျာ၊ ရွှေတစ်ပိသာဆိုတာ ခင်ဗျားကြီး သူဌေးဖြစ်သွားမှာဗျ၊ ကျုပ် နောက်ဆုံး သတိပေးမယ် မနက်ဖြန်မနက်မှာ ကျုပ် မိုးကြိုးအလောင်းကို လိုချင်တယ်၊ မဟုတ်လို့ကတော့ ခင်ဗျားတို့တစ်ရွာလုံး၊ အရှင်လတ်လတ် မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွားလိမ့်မယ် ... သေချာစဉ်းစားပါ''

လို့ပြောပြီး မြင်းရှိရာ ပြန်လျှောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မြင်းပေါ် လွှားခနဲခုန်တက်ပြီး အရှိန်ပြင်းစွာ မောင်းနှင်သွားကြတယ်။ မြင်းသမားတွေထွက်သွားတဲ့အခါ ရွာသား တချို့ သူကြီးဆီ ရောက်လာကြတယ်။ ရွာသားတစ်ယောက်က လက်သီးလက်မောင်းတန်းရင်း ...

"တောက် ... ဒါ ကျုပ်တို့ရွာကို သက်သက်မဲ့စော်ကား နေတာဗျ။ အိုးဘိုစုရွာသားတွေ ဘယ်လောက်သွေးနီသလဲ ပြမှဖြစ်တော့မယ်၊ ဒီလူတွေကို ကျုပ်တို့ သွားချမယ် သူကြီး"

လို့ မကျေမနပ် ပြောလာတယ်။

သူကြီးက ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေရာမှ ...

"ကျုပ်တို့ အိုးဘိုစုရွာကလေးဟာ တစ်သက်လုံး အေးချမ်းစွာ နေထိုင်ခဲ့ကြတယ်၊ အိုးဘိုစုရွာသားတွေဆိုတာကလည်း ရိုးသားစွာ တောင်ယာအလုပ်ကို လုပ်ကိုင်စားသောက်ရသူတွေ ဖြစ်တယ်၊ ကျုပ်တို့ရဲ့ အေးချမ်းသာယာမှုလေးဟာ မိုးကြိုးအလောင်းကြောင့် ပူလောင်မှုတွေ ဖြစ်တော့မယ်၊ ကျုပ်အနေနဲ့ကလည်း မိုးကြိုးအလောင်းကို ဒေါ်အိုစာ့လက် ထည့်ပါ့မယ်လို့ ကတိပြုထားပြီးပြီ ဒါကြောင့် ကျုပ်တို့ရွာရဲ့ အစဉ်အလာမဟုတ်တဲ့အလုပ်ကို လုပ်ရတော့

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ရွာရဲ့လုံခြုံရေးကို အထူးဂရုစိုက်ရမယ်၊ မနက်ဖြန်ဆို ဒေါ်အိုစာ့ကို ကတိပေးထားတဲ့နှစ်ရက် ပြည့်ပြီ၊ မိုးကြိုးအလောင်းဟာ ဒေါ်အိုစာ့ လက်ထဲရောက်တာနဲ့ ဂမ္ဘီရဆရာမြိုင်တို့လူစုရဲ့အန္တရာယ်ကို ကျုပ်တို့ ရင်ဆိုင်ရလိမ့်မယ်၊ ရိုးသားဖြူစင်တဲ့ အိုးဘိုစုရွာသားတွေရဲ့လက်မှာ သွေးစွန်းထင်းရမယ့်အရေးတွေ ဖြစ်တော့မှာပါလား''

လို့ မျက်နှာမသာမယာနဲ့ ရေရွတ်လိုက်တယ်။

လူအုပ်ထဲမှ အဘိုးကြီးတစ်ယောက်က ...

''ဒေါ်အိုစာဆိုတာ ငါတို့တစ်ရွာလုံး နတ်ဘုရားလို ကိုးကွယ်ခဲ့တဲ့ မယ်တော်ကြီးတစ်ယောက်ပါ၊ မိုးကြိုးအလောင်း သူ့အိမ်မှာ ရှိမှန်းသိရင် မြင်းသမားအဖွဲ့က သွားပြီးရန်ရှာနိုင်တယ်၊ ငါတို့ ဒေါ်အိုစာရဲ့လုံခြုံရေးကို လုပ်ပေးရမယ် ဘိုးချစ်မြိုင်''

လို့ ဝင်ပြောတယ်။ သူကြီးဘိုးချစ်မြိုင်ဟာ မျက်မှောင်ကြုတ် စဉ်းစားဟန်ပြုရင်း ...

''ဘိုးလေးမြပြောတာ မှန်တယ်၊ ဒါပေမဲ့ ဒေါ်အိုစာဟာ စိတ်စွမ်းအားရှင်တစ်ယောက်ပဲ၊ ကျုပ်တို့ လုံခြုံရေးလုပ်ပေးလည်း သူ လက်ခံမယ် မထင်ဘူး၊ ဘာပဲဖြစ်ဖြစ် ဂမ္ဘီရဆရာမြိုင်ဆိုတဲ့လူဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို ခြိမ်းခြောက်စကားပြောသွားပြီးပြီ၊ ရွာရဲ့လုံခြုံရေးကို အဓိက ဂရုစိုက်ရမယ် ... ဒါပါပဲ''

လို့ပြောပြီး စိတ်မသက်မသာနဲ့ လှည့်ထွက်သွားတယ်။

ရွာသားအားလုံးရဲ့ ရင်ထဲမှာတော့ မိုးကြိုးအလောင်းနဲ့ ပတ်သက်ပြီး စိုးရိမ်စိတ်တွေ ကြီးမားနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၀ )

## မိုးကြိုးအလောင်းကို ဘယ်သူရမလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

**နေဝင်ရီတရော** အချိန် . . .

"အောင်မလေး . . . သရဲ သရဲ . . . ကယ်ကြပါဦး တော့"

ငယ်သံပါအောင် အော်လိုက်တဲ့ အသံဆိုးကြောင့် သူကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘိုးချစ်မြိုင် ခေါင်းနားပန်းကြီးသွားတယ်။ အသံက သူ့ခြံဝိုင်းထဲက၊ အပေါ်ထပ်နဲ့ နောက်ဖေးပြတင်းပေါက်က လှမ်းကြည့်တော့ သူ့မျက်လုံးတွေ ပြာဝေသွားရတယ်။

"ဟာ ... အိမ်သာရှေ့မှ မတုတ်လဲနေပြီ"

"ဟော့ ... လုပ်ကြပါဦးဟ ... ငါ့မိန်းမ ငါ့မိန်းမ သေပြီလားမသိဘူး"

သူကြီးရဲ့အော်သံကြောင့် သာအေးတို့ အပြေးအလွှားရောက်လာတယ်။ သာအေးတို့လူစုဟာ အိမ်သာရှေ့လဲနေတဲ့ သူကြီးကတော်ကို မ,ချီပြီး ကွပ်ပျစ်ပေါ် တင်လိုက်တယ်။

"မတုတ် မတုတ် ... သတိထားစမ်း။ ဟော့ ... မင်းတို့ ရပ်မနေနဲ့လေ၊ ဆေးဆရာ အမြန်သွားပင့် ... သွားစမ်း"

သူကြီးရဲ့စေခိုင်းမှုကြောင့် သာအေးထွက်သွားချိန်မှာတော့ သူကြီးအိမ်ကို ရွာသားတွေ စုပြုံရောက်လာကြတယ်။

"သူကြီးကတော် ဘာဖြစ်တာလဲ ... အသံကြားလို့ ကျုပ်တို့ ပြေးလာကြတာ၊ အသက်မှ ရှိသေးရဲ့လားဗျ"

ရွာသားတစ်ယောက်ရဲ့အမေးကြောင့် သူကြီးဘိုးချစ်မြိုင်

www.burmeseclassic.com

www.burmeseclassic.com



ဟာ မျက်နှာကြီး နီမြန်းသွားပြီး ...

"ဟော့ကောင် ... မင်းပါးစပ် ပိတ်ထားစမ်း၊ နိမိတ်မရှိ နမာမရှိနဲ့၊ ငါ့မိန်းမ သတိမေ့နေတာ၊ မတုတ် မတုတ် ... သတိရပါတော့ မိန်းမရယ်"

လို့ သွေးရူးသွေးတန်း ရေရွတ်လိုက်တယ်။

လက်မြန်ခြေမြန်ရှိတဲ့ မိန်းမကြီးတစ်ယောက်က ရေပုံး ဆွဲပြေးလာပြီး သူကြီးကတော်ရဲ့အပေါ်ကို 'ဗွမ်း' ခနဲ လောင်းချလိုက်တယ်။

"ဟာ ... ဟော့ ဟော့ ... ဘာလုပ်တာလဲကွ၊ ဂျမ်းတော ... နင် ငါ့မိန်းကို ရေမွန်းပြီး သေအောင်လုပ်နေတာလား"

သူကြီးရဲ့စကားကြောင့် ဂျမ်းတောက မကျေမနပ်အမူအရာနဲ့ ...

"ရေမွန်းအောင်လုပ်တာ မဟုတ်ဘူး ... သတိမေ့နေတဲ့လူကို ရေလောင်းပေးရင် သတိပြန်လည်လာတယ်လို့ ကျုပ် ကြားဖူးတယ်၊ ဒါကြောင့် စေတနာနဲ့ လောင်းပေးတာ ... မစော်ကားနဲ့တော့်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကက်ကက်လန် ပြန်ပြောတယ်။

ဒီအချိန်မှာပဲ သူကြီးကတော်က လူးလွန့်လူးလှုပ်ရှားလာပြီး

"သရဲ သရဲကြီး ... ငါ့လက်ကို ဆွဲတော့မယ် ... ကယ်ကယ်ကြပါ"

လို့ ဗလုံးဗထွေးသံကြီးနဲ့ အော်ဟစ်ရုန်းကန်နေတယ်။

"မတုတ် မတုတ် ... မျက်လုံးဖွင့်စမ်း၊ ဘာသရဲမှ မရှိဘူး ... ငါ့ကိုကြည့်စမ်း"

သူကြီးက ပခုံးကိုလှုပ်ကိုင်ရင်း မေးလိုက်တဲ့စကားကြောင့် ဒေါ်တုတ်ကြီးက မျက်လုံးပွင့်လာပြီး ...

"ကျုပ် ... ကျုပ် ဒီအိမ်မှာ မနေရဲဘူး၊ အမေတို့ရွာကို ပြန်မယ်၊ တော့် ဘိုးချစ်မြိုင် ... ကျုပ်လက်ကိုလွှတ်"

လို့ အော်ဟစ်ရုန်းကန်တယ်။

"အစိပ္ပာယ်မရှိတာကွာ ... ဘယ်ရွာမှ မသွားရဘူး။ ဒါ နင့်အိမ်ပဲ၊ ဘာဖြစ်သလဲဆိုတာ သေချာပြောစမ်း မတုတ်"

ဒေါ်တုတ်ကြီးက သူကြီးရဲ့လက်က ဆောင့်ရုန်းထွက်ရင်း

"ဟုတ်တယ် ... ဒါ ကျုပ်အိမ်၊ အခု အိမ်မှာ ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေလဲ ... ရှင်သိရဲ့လား၊ ရှင်သယ်လာတဲ့ အသေကောင်ကြီးက ကျုပ်ကို ခြောက်လှန့်နေပြီ၊ ကျုပ် အိမ်သာတက်ဖို့ပြင်တော့ ထရံပေါက်ကနေ လက်ပြတ်ကြီး ထွက်လာတယ်၊ ကျုပ်ကိုဆွဲဖို့ ပြင်နေတာတော့၊ လက်ကြီးက မည်းပြာနေတာပဲ၊ ဒါဟာ ဟိုအသေကောင်ကလွဲရင် ဘာမှ မဖြစ်နိုင်ဘူး''

"ဖယ် ... ကျုပ်ကို မတားနဲ့၊ အသေကောင်ကြီး မရှိမှ ကျုပ်ကို ပြန်လာခေါ် ... ဒါပဲ''

လို့ပြောပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားတယ်။

သူကြီးက လှမ်းတားဖို့ ပြင်လိုက်စဉ်မှာပဲ ...

"သူကြီး ... သူကြီး ... အလောင်းကြီး အလောင်းကြီး ဗျ''

လို့ အော်ဟစ်ပြီး အူယားဖားယား ပြေးဝင်လာတဲ့ ရွာသားတစ်ယောက်ကို တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၁ )

## ရွှာသားက ဘာဖြစ်လာတာလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

**ရွာသားရဲ့** အသံကြောင့် သူကြီးဘိုးချစ်မြိုင် အကြီးအကျယ် စိတ်ညစ်သွားရတယ်။

"ကဲ ပြောပါဦး . . . မင်းကရော ဘာဖြစ်လာတာလဲ၊ တစ်ယောက်ကလည်း အလောင်း, နောက်တစ်ယောက်ကလည်း အ

www.burmeseclassic.com

www.burmeseclassic.com



လောင်းပဲ၊ ငါတော့ အသက်ထွက်ချင်လာပြီဟော့''

ရွာသားက သူကြီးရဲ့စကားကို ဂရုမပြုဘဲ ရွာထိပ်ကို လက်ညှိုးထိုးပြီး ...

"ရွာ ... ရွာထိပ်ညောင်ပင်ကြီးမှာ တွဲလောင်းကြီးကျ နေတဲ့ အလောင်းကောင်ကြီး တွေ့ခဲ့တယ်၊ ကျုပ် ... ကျုပ်က အစက တစ္ဆေခြောက်တယ်ထင်တာ၊ သေ ... သေချာကြည့်မှ အလောင်းကြီး ဖြစ်နေတာဗျ''

လို့ မျက်လုံးပြူး ပြောတယ်။

သူကြီးရဲ့နှုတ်ခမ်းမှာ ခဲထားတဲ့ဆေးတံကြီး 'ဒေါက်'ခနဲ ပြုတ်ကျသွားရပြီး ...

"ဘာ ... အလောင်းတွဲလောင်းကြီး ...ဟုတ်လား''

"ဟုတ်ရဲ့လား ငလုံးရယ် ... နင် မူးများနေသလားကွ''

လို့ မယုံဟန် ပြောလိုက်တဲ့အခါ ငလုံးက ...

"သူကြီးလိုက်ကြည့်ရင် အဖြေပေါ်မှာပဲ၊ ကျုပ် မူးဖို့ နေနေသာသာ ... ငွေမရှိလို့ မနက်စာတောင် မစားရသေးဘူးဗျ''

လို့ ပြောလိုက်တဲ့အခါ သူကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ... ငါတို့အားလုံး ညောင်ပင်ကြီးဆီ သွား ကြည့်ကြမယ်ဟေ့"

လို့ ဆော်ဩလိုက်တယ်။

သူကြီးဦးဆောင်တဲ့ ရွာသားအုပ်ကြီးက ရွာထိပ်ညောင်ပင် ကြီးရှိရာ ချီတက်သွားကြတယ်။

ရွာထိပ်အရောက်မှာတော့ မိုးချုပ်သွားတဲ့အတွက် အသင့် ပါတဲ့ မီးတုတ်တွေ ထွန်းညှိလိုက်ကြတယ်။

ရွာသားတွေဟာ မီးတုတ်အလင်းရောင်နဲ့ ညောင်ပင်ကြီး ရှိရာ တရွေ့ရွေ့ ချဉ်းကပ်ခဲ့တယ်။

ညောင်ပင်ကြီးအောက်ရောက်တော့ "ဟင်" ခနဲ၊ "ဟာ" ခနဲ အသံပေါင်းစုံနဲ့ သူတို့အားလုံး ခေါင်းမွေးထောင်မတတ် ထိတ်လန့်သွားကြတယ်။

ကြိုးတန်းလန်းနဲ့ တွဲလောင်းသဏ္ဍာန်တစ်ခု ...

သူကြီးက ထိုအရာကို မျက်တောင်မခတ်တမ်း စူးစိုက် ကြည့်ရင်း ...

"ကဲ ... အပင်ပေါ်တက်ပြီး ကြိုးဖြတ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ ရှာသားအားလုံး တွန့်ခနဲဖြစ်သွားတယ်။ သူကြီးဟာ မလှုပ်မယှက် ငြိမ်သက်နေတဲ့ ရှာသားတွေဘက် လှည့်ပြီး ...

"ပြောနေတယ်လေကွာ ... တစ်ယောက် အပင်ပေါ် တက်ပြီး ကြိုးဖြတ်လိုက်၊ ဟော့ကောင် ဒိုးကြီး ... မင်းက ထန်းတက်သမားပဲ၊ မင်းခါးကြားမှာလည်း ဓားမ,ရှိနေတယ် ... မင်း တက်စမ်း"

လို့ အမိန့်ပေးလိုက်တယ်။

ထန်းတက်သမားဒိုးကြီးဟာ သူကြီးရဲ့စကားကြောင့် မဝံ့မရဲအမူအရာနဲ့ ညောင်ပင်ကြီးနား ချဉ်းကပ်သွားတယ်။

ဒိုးကြီး ညောင်ပင်ပေါ်တက်သွားတဲ့အခါ သူကြီးနဲ့ ရှာသားတွေဟာ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေကြတယ်။

ဒိုးကြီးတစ်ယောက် ညောင်ပင်ရဲ့ ခွဆုံပေါ် ခဲရာခဲဆစ် တက်ပြီး ကြိုးကို 'ဒုတ်' ခနဲ ခုတ်ဖြတ်လိုက်တယ်။

'ဘုတ်' ခနဲအသံနဲ့အတူ ရှာသားအုပ်ကြီး အနောက်ကို ရှဲသွားတယ်။ သူကြီးက မှောက်လျက်လဲနေတဲ့အလောင်းကို ဆွဲလှန်လိုက်စဉ်မှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘိုးချက် ... ငါ့သား ဘိုးချက်"

လို့ ရေရွတ်ပြီး ခေါင်းတစ်ခုလုံး ချာချာလည်သလို ဖြစ်သွားတယ်။

ထန်းသမားဒိုးကြီးက ဘိုးချက်အလောင်းဘေး ထိုင်လိုက်ပြီး ပြူးကျယ်နေတဲ့မျက်လုံးကို ပိတ်ပစ်လိုက်တယ်။

ဒိုးကြီးဟာ ဘိုးချက်ရဲ့လက်မှာ ဆုပ်ကိုင်ထားတဲ့ အရာတစ်ခုကို သတိပြုမိသွားပြီး ...

"ဟာ ... ဘိုးချက်လက်မှာ ဘာလဲမသိဘူး"

လို့ ရေရွတ်လိုက်တယ်။

လက်ထဲကအရာကို ဆွဲယူကြည့်စဉ်မှာတော့ စာရွက်ခေါက်လေးတစ်ခု။ ဒိုးကြီးက စာရွက်ကို ဖြန့်ကြည့်ရင်း ...

*မင်းရဲ့ မချစ်ဘူးဆိုတဲ့ စကားကြောင့်*

*ငါ့ရင်မှာ သိပ်ခံစားရတယ်။*

*အသက်ရှင်တာထက်စာရင်*

*သေတာက ပိုကောင်းပါတယ်။*

*အလွမ်းသမားလေး မောင်ဘိုးချက်*

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘိုးချက်က အချစ်အတွက်နဲ့ အဆုံးစီရင်သွားတာပဲ၊ ဘိုးချက် ဘိုးချက် ... လူကြည့်တော့ ကျားကိုးစီး စားမကုန်ဘူး ... အသည်းနုလှချည်လားကွာ၊ မင်းမရှိတော့ ငါ့ရဲ့ထန်းရည်ဆိုင်မှာ ဖောက်သည်တစ်ယောက်လျော့ပြီပေါ့ ဘိုးချက်ရဲ့ ... အီး ဟီး ဟီး"

ထန်းသမားဒိုးကြီးရဲ့ အသံပြကြီးနဲ့ငိုသံကြောင့် သူကြီးဘိုးချစ်မြိုင် သတိပြန်ဝင်လာတယ်။

ဘိုးချက်က သူ့ရဲ့ တစ်ဦးတည်းသောသား။

ငုံထားမတတ် ချစ်ရတဲ့သူ။ သားသမီးကို ထုတ်ဖော်ပြောပြီး မချစ်တတ်ပေမယ့် ချစ်လွန်းလို့ ဘာအလုပ်မှမခိုင်းခဲ့ဘူး။ ဒါကြောင့် ဘိုးချက်တစ်ယောက် ဆိုးချင်တိုင်းဆိုး၊ ရိုင်းချင်တိုင်းရိုင်းနေခဲ့တာ။ သူကြီးဘိုးချစ်မြိုင်တစ်ယောက် ဝေ့ဝဲတက်လာတဲ့ မျက်ရည်စကို ပုတ်ခတ်ရင်း ...

"လောကမှာ ငါ့လောက်အဖြစ်ဆိုးတဲ့လူ ရှိပါ့မလား ... မိန်းမက အိမ်ကဆင်းသွားတယ်၊ သားက မိန်းမ ...စ်ယောက်အတွက်နဲ့ သေကြောင်းကြံတယ်၊ မိုက်လိုက်တဲ့ ဘိုးချက်ရယ် ... ဖအေတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးကိုမှ မထောက် . . . ဒင်းက ဘာမဟုတ်တဲ့ မိန်းမကိစ္စအတွက် အသက်ကိုရင်းလိုက်ပြီ၊

ဒေါ်အိုစာပြောတာ သိပ်မှန်နေပြီ၊ ငါ့အတွက် ဘယ်လိုမှ အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေ ဖြစ်သွားပြီ၊ အလွန်ဆိုးရွားလွန်းတဲ့ ကံကြမ္မာတွေ ငါ့အပေါ် ကျရောက်နေပါလား''

လို့ ရင်ခေါင်းသံကြီးနဲ့ အော်ဟစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၂ )

## သူကြီးရဲ့ ကြမ္မာဆိုးက အဆုံးသတ်သွားပြီလား

www.burmeseclassic.com

www.burmeseclassic.com

**သူကြီးနဲ့** ရွာသားတွေဟာ အစိမ်းသေ ဘိုးချက်ရဲ့ အလောင်းကို ရွာအနောက်ရှိ သင်္ချိုင်းကို သွားပို့ကြတယ်။

သင်္ချိုင်း အပြန်လမ်းမှာတော့ သူကြီးတစ်ယောက် ကြေကွဲစိတ်ကြောင့် ခြေထောက်မသယ်ချင်အောင် ဖြစ်နေပြီတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို တစ်ကိုယ်လုံး တောင့်တင်းပြီး လေး လံသလို ခံစားလိုက်ရတယ်။

ဒါကြောင့် ...

''ဟောကောင်တွေ ... ငါ ဘာဖြစ်လဲမသိဘူး ... တစ် ကိုယ်လုံး ကျောက်တုံးကြီးလို လေးနေတယ်ကွ''

လို့ တပည့်ဖြစ်သူကို ပြောလိုက်တယ်။

တပည့်က ခေါင်းကုတ်ပြီး ...

''အပြင်မှာ ဒီလောက် အေးစက်နေတာ ... သူကြီး လေဖြတ်ချင်လို့ ဖြစ်မှာပေါ့၊ လမ်းမလျှောက်နိုင်ရင် ကျုပ်တို့ ထမ်းခေါ် ရမလား''

လို့ မေးတဲ့အခါ သူကြီးက လက်ကာပြလိုက်တယ်။

သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းပြီး ကိုင်ရိုက်သား သလို ခံစားရတာ အမှန်။

သူတို့အားလုံး ရွာထဲပြန်ရောက်တဲ့အခါ လူစုခွဲလိုက်ကြ တယ်။

ကာလသား ဆယ်ယောက်က ဘိုးချက်အသုဘအတွက်

www.burmeseclassic.com

www.burmeseclassic.com



မြင်ဆင်ဖို့ သူကြီးအိမ် လိုက်လာကြတယ်။

သူကြီးဟာ ကွပ်ပျစ်ပေါ် ထိုင်ချလိုက်ရင်း …

"အင်း … မိုးကြိုးအလောင်း ပေါ်ပြီးကတည်းက ငြိုဟ်ဆိုးဝင်ခဲ့တယ်၊ ဘိုးချက်သေတဲ့ကိစ္စ မတုတ်ကို ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ ငါ့ဘဝကို ဖျက်ဆီးတာ မိုးကြိုးအလောင်းများဖြစ်နေပြီလား"

လို့ ရေရွတ်သံ မဆုံးခင် …

"သူကြီး သူကြီး … ပြဿနာတော့ တက်ပြီဗျ"

ဆိုတဲ့ သာအေးရဲ့အသံကို ကြားလိုက်ရတယ်။

"လာပြန်ပြီလား ပြဿနာ … ဘာဖြစ်ပြန်ပြီလဲ"

သူကြီးရဲ့ စိတ်ပျက်လက်ပျက်အမေးကို သာအေးကအိမ်အနောက်ကို ညွှန်ပြရင်း …

"မိုးကြိုး … မိုးကြိုးအလောင်း မရှိတော့ဘူး"

လို့ ပြောလိုက်တယ်။

သာအေးရဲ့စကားက သူကြီးခေါင်းပေါ် မိုးကြိုးပစ်ချခံရသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... မိုးကြိုးအလောင်း မရှိဘူး ... ဟုတ်လား။ ဟာ ... တကယ့်ပြဿနာပဲ ... ပြစမ်း ပြစမ်း"

သူကြီးတစ်ယောက် ပုဆိုးကြီးမ,ပြီး အရူးတစ်ယောက်လို မိုးကြိုးအလောင်းရှိရာ ပြေးထွက်သွားတယ်။

"မိုးကြိုးအလောင်းကို ဂမ္ဘီရဆရာမြိုင်တို့လူစု ယူသွားပြီ၊ မနက်ဖြန်ဆို ဒေါ်အိုစာကို ကတိပေးထားတဲ့နေ့စ်ရက် ပြည့်ပြီ၊ ငါ ... ငါ ဘာလုပ်ရမလဲ"

သူကြီးဟာ အလောင်းတင်ကွပ်ပျစ်ကို ကြောင်ငေးကြည့်ရင်း ရေရွတ်လိုက်တယ်။

"ဘာလုပ်ရမလဲ သူကြီးရ ... တစ်ရွာလုံးကို မောင်းထုခေါ်ပြီး လူစု၊ ရွာမှာရှိသမျှ ယောက်ျားအားလုံး သွားပြီးချရင် ဆရာမြိုင်တို့လူစု အမျိုးပြုတ်ရောပေါ့၊ ကျုပ် မောင်းထုလိုက်မယ်"

သာအေးက ပြောဆိုရင်း လူခေါ်မောင်းကြီးရှိရာ လျှောက် သွားတယ်။

ကြေးမောင်းကြီးကို အဆက်မပြတ် တီးခတ်လိုက်စဉ်မှာတော့ အိုးဘိုစုတစ်ရွာလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တောင်နီကုန်းပေါ်နေတဲ့ ဒေါ်အိုစာတစ်ယောက် မောင်းထုသံကြောင့် ရင် ဒိန်းခနဲ ခုန်သွားတယ်။

"ဘိုးချစ်မြိုင်တို့အိမ်က မောင်းထုသံက အဆက်မပြတ်ပါလား၊ ဒါဟာ ရွာမှာ ပြဿနာတစ်ခုခုတက်ရင် အချက်ပေး လူစုသံပဲ၊ ဘာတွေများ ဖြစ်ကုန်ပြီလဲ"

ဒေါ်အိုစာဟာ အတွေးနဲ့အတူ ကံကြမ္မာဖတ် ဖန်လုံးလေးကို စူးစိုက်ကြည့်လိုက်တယ်။

စိမ်းဖန့်ဖန့် ဖန်လုံးလေးဟာ အနီရောင်သန်းသွားပြီး မိုးကြိုးအလောင်းရဲ့ပုံရိပ်ကို မြင်ရသလို ဒေါ်အိုစာ ခံစားလိုက်ရတယ်။

"ဟင် ... ငါ့ရဲ့မိုးကြိုးအလောင်း ပြဿနာတက်နေတဲ့ နိမိတ်ပဲ၊ မိုးကြိုးအလောင်းဟာ ငါ့ရဲ့ မသေသေးပဲ၊ မဖြစ်ဘူး ... ရွာထဲကို အမြန်သွားရမယ်"

ဒေါ်အိုစာဟာ သမင်ချိုမှာ ချိတ်ထားတဲ့ ဝတ်ရုံနက်ကို ဆွဲယူပြီး ကိုယ်ပေါ် ခြုံလွှမ်းလိုက်တယ်။ ပြီးတော့ အရိုးတောင်ဝှေးကို အားပြုထောက်ရင်း ရွာဘက်ထွက်ခဲ့တော့တယ်။

ဒေါ်အိုစာထွက်သွားချိန်မှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



တောင်နီကုန်းရှိ စိန်ပန်းပင်ကြီးရဲ့ အနောက်ဘက်မှာ 'လှစ်' ခနဲ လှုပ်ရှားသွားတဲ့ သဏ္ဍာန်နှစ်ခု။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၃ )

## မိုးကြိုးအလောင်း ဘယ်ရောက်နေသလဲ...?

www.burmeseclassic.com

www.burmeseclassic.com

ဗိန္ဒာ ဆရာပျိုနဲ့ မင်းစံတို့နှစ်ယောက် ဒေါ်အိုစာ့ သစ်လုံးအိမ်အနီးကို ချဉ်းကပ်ခဲ့ကြတယ်။

မင်းစံက ပောင်းနွမ်းဆွေးမြည့်နေတဲ့ စာရွက်ခေါက်လေး ကို ဖြန့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မြေပုံရဲ့အညွှန်းအရ ရတနာရှိတဲ့နေရာဟာ တောင်နီကုန်းဆိုတာ သေချာပြီ၊ ဒါပေမဲ့ ဘယ်နေရာမှာ မြှုပ်ထားလဲဆိုတာ သိဖို့ခက်နေတယ်၊ ဆေးဆရာကြီး ကူတွေးပေးပါဦး"

လို့ အကူအညီတောင်းတဲ့အခါ ဆရာပျိုက လက်စွဲမီးအိမ်ကို မီးစာမြှင့်လိုက်ပြီး ...

"မြေပုံကို သေချာကြည့် မောင်မင်းစံ ... တောင်နီကုန်းရဲ့ အလယ်တည့်တည့်မှာ အနီစက်ပြထားတယ်၊ ဒီတော့ ရတနာတွေဟာ တောင်နီကုန်းရဲ့ အလယ်ဗဟိုမှာပဲ ရှိရမယ်"

"ကျုပ်စိတ်ထင်တော့ ဒေါ်အိုစာရဲ့ သစ်လုံးအိမ်ထဲမှာ ဖြစ်ဖို့များတယ်"

လို့ ပြောလိုက်တယ်။

"ဒါဆို ကျုပ်တို့ အိမ်ထဲကို အမြန်ဝင်မှဖြစ်မယ်၊ အဘွားကြီးပြန်လာရင် မလွယ်ဘူးဗျို့"

မင်းစံရဲ့စကားနဲ့အတူ နှစ်ယောက်သား သစ်လုံးအိမ်လေးထဲ တိတ်တဆိတ် ဝင်ရောက်ခဲ့တယ်။

အိမ်ထဲဝင်လိုက်တယ်ဆိုရင်ပဲ စိမ်းရွှင်ရွှင်ပုပ်အဲ့အဲ့ အနံ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုးကြီးက သူတို့နှာခေါင်းထဲ လိုမ့်ဝင်လာတယ်။

"ထို ... ဆိုးလိုက်တဲ့ အနံ့ဗျာ ...

ဘယ်က ထွက်နေတာလဲ"

မင်းစံရဲ့အမေးကို ဆရာပျိုက အိမ်နံရံရှိ တိရစ္ဆာန်အရေခွံတွေကို ညွှန်ပြရင်း ...

"ဒေါ်အိုစာကို တစ်ရွာလုံးက အကြားအမြင်ရတဲ့ စိတ်စွမ်းအားရှင်လို့ သတ်မှတ်ကြတယ်၊ ကျုပ်ကတော့ ဒါကို လက်မခံဘူး။ ဒီမိန်းမကြီးကို ကဝေမကြီးတစ်ယောက်လို့ပဲ သတ်မှတ်တယ်၊ သူဟာ တိရစ္ဆာန်တွေရဲ့ အရေခွံ, အရိုး, အသွေးပါမချန် အသုံးပြုပြီး ဆေးနည်းပေါင်းစုံကို ဖော်စပ်တယ်၊ သူ့ကိုယ်သူလည်း ဆေးနည်းပေါင်းစုံ ဖော်စပ်နိုင်တယ်ဆိုပြီး သွေးနားထင်ရောက်နေတယ်လို့ ကျုပ်မြင်တယ်၊ သူ့ရဲ့အသက်ရှည်မှုဟာ ရှေးဘဝကုသိုလ်ကောင်းမှုကြောင့် ဖြစ်ပေမယ့် သူကတော့ ဆေးအစွမ်းကြောင့် အသက်တစ်ရာကျော် နေနိုင်တယ်လို့ ထင်နေတယ်၊ ကျုပ်ကတော့ ဒီအဘွားကြီးကို လုံးဝကြည့်လို့မရဘူး၊ မောင်ရင် သတိထားကြည့်ပါလား ... ဗုဒ္ဓဘာသာဖြစ်ပြီး ဘုရားဆင်းတုတော် မကိုးကွယ်တဲ့လူဟာ ဘယ်လိုလူစားဖြစ်မလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ''

လို့ ပြောလိုက်တယ်။

မင်းစံက ဆရာပျို့ရဲ့စကားကို ခေါင်းညိတ်ပြီး နားထောင်နေလိုက်တယ်။

နှစ်ယောက်သား အိမ်ရဲ့ အလယ်ဗဟိုနေရာကို မှန်းပြီး မြေကြီးတွေ တူးဆွကြတယ်။

မင်းစံတို့ ဒေါ်အိုစာရဲ့အိမ် ရောက်နေချိန် သူကြီးအိမ်မှာ ကမ္ဘာပျက်မတတ် ဖြစ်နေကြတယ်။

သူကြီးရဲ့ မိုးကြိုးအလောင်း ပျောက်သွားပြီဆိုတဲ့စကားကြောင့် ဒေါ်အိုစာဟာ မျက်လုံးမီးဝင်းဝင်းတောက်သွားပြီး . . .

''ဘိုးချစ်မြိုင် . . . ဒီအရေးတွေ ကြုံမြင်လို့ နင့်ကို သေချာစောင့်ကြည့်ဖို့ ပြောခဲ့တယ်၊ နင့်ရဲ့ပေါ့လျော့မှုကြောင့် မိုးကြိုးအလောင်း ပျောက်သွားပြီ၊ ဒီအတွက် နင် ဘယ်လိုပြန်ပေးဆပ်မလဲ . . . ပြောစမ်း''

လို့ အရိုးတောင်ဝှေးကို 'ဒုန်း'ခနဲ ဆောင့်ချပြီး မေးလိုက်တယ်။ သူကြီးဘိုးချစ်မြိုင်တစ်ယောက် နဖူးပေါ်စီးကျလာတဲ့ ဇောချွေး

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ခုံနဲ့ သပ်တင်လိုက်ရင်း . . .

"ဒီ . . . ဒီလိုပါ အမယ်အို . . . ခုချိန်မှာ ကျွန်တော်ဟာ စိတ်ဒုက္ခကြီးစွာ ခံစားနေရပါတယ်၊ မိုးကြိုးအလောင်းရဲ့ ခြောက်လှန့်မှုကြောင့် ကျွန်တော့်မိန်းမ အိမ်ပေါ်ကဆင်းသွားသလို ကျွန်တော့်သားဟာလည်း သူ့ကိုယ်သူ အဆုံးစီရင်ခဲ့ပါတယ်၊ ကျွန်တော်ဟာ မိုးကြိုးအလောင်းကို နေ့စဉ် အရိပ်လို ကြည့်နေခဲ့သူတစ်ယောက်ပါ။ ရွာထိပ်ညောင်ပင်မှာ အလောင်းပေါ်တဲ့သတင်းကြားလို့ ကျွန်တော်တို့ ထူပူပြီး သွားခဲ့မိပါတယ်၊ ဘိုးချက်ရဲ့အလောင်းကို သင်္ချိုင်းမှာထားပြီး အိမ်ရောက်တော့ မိုးကြိုးအလောင်းပျောက်ဆုံးနေကြောင်း သိခဲ့ရပါတယ်၊ အလောင်းကိုခိုးယူသွားတာ မြို့ကရောက်နေတဲ့ ဂမ္ဘီရဆရာ မြိုင်တို့ လူစုပါပဲ၊ ခုချိန်မှာ ကျွန်တော့်အနေနဲ့ သားဖြစ်သူရဲ့ ရှာပနကိစ္စ ရှိနေပါတယ်၊ ဒါပေမဲ့ မိုးကြိုးအလောင်းကို တွေ့အောင်ရှာပြီး အမယ်အိုလက်ထဲ ရအောင်ပြန်ထည့်ပေးပါ့မယ်၊ ကျွန်တော့်ကို နောက်ဆုံးအနေနဲ့ အခွင့်အရေးပေးပါ အမယ်အို"

လို့ ဖြစ်စဉ်ကိုရှင်းပြပြီး တောင်းပန်တိုးလျှိုးလိုက်တယ်။

ဒေါ်အိုစာဟာ မကျေမချမ်းအမူအရာနဲ့ ဘိုးချစ်မြိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်ရင်း ...

"မရဘူး ဘိုးချစ်မြိုင် ... နင့်အပြစ်ကို ခွင့်မလွှတ်နိုင်ဘူး၊ မိုးကြိုးအလောင်းကို နင် ရအောင်ပြန်ယူပြီး ငါ့လက်အပ်ရမယ်၊ နင့်ရဲ့ ဆိုးဝါးတဲ့ကံကြမ္မာတွေကို ငါ ထပ်ပြီးနိမိတ်ဖတ်မယ် ... ကြားဝံ့အောင် ကြိုးစားပေတော့"

လို့ပြောပြီး ဖန်လုံးကိုင်လက်ကို မြှောက်လိုက်တယ်။

ဘိုးချစ်မြိုင်တစ်ယောက် ဒေါ်အိုစာ့စကားကြောင့် မူးမေ့လဲကျသွားမတတ် ရင်ထိတ်သွားရတယ်။

"မကြာခင် အိုးဘိုစုတစ်ရွာလုံး မီးဘေးကျရောက်မယ်၊ နင်ဟာ သေမတတ် ဝေဒနာဆိုးတစ်ခု ခံစားရလိမ့်မယ်၊ တစ်ရွာလုံး မိစ္ဆာဆိုးတွေရဲ့လက် ကျရောက်ပြီး ဘေးဒုက္ခဆိုးတွေ ကြုံတွေ့ရမယ်၊ နောက်ပြီးတော့ ..."

ဒေါ်အိုစာ့စကား မဆုံးမီဘဲ သူကြီးဟာ နားအစုံကို လက်နဲ့အုပ်ပြီး ...

"တော် ... တော်ပါတော့ အမယ်အိုရယ်၊ ကြုံတွေ့ရမယ့်ကြမ္မာဆိုးကို ကြိုမသိဘဲ ဖြစ်သွားတာမှ တော်ပါသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန် ... ကျွန်တော် မိုးကြိုးအလောင်းကို အမြန်ဆုံး ပြန်ယူပေးပါ့မယ်"

လို့ ကြောက်အားတကြီး ပြောချလိုက်တယ်။ ဒေါ်အိုစာက သူကြီးရဲ့အဖြစ်ကို သဘောကျစွာ ဟားတိုက်ရယ်မောလိုက်တယ်။

"ဟား ဟား ဟား ... သိပ်မှန်တာပေါ့ ဘိုးချစ်မြိုင်၊ လောကမှာ အနာဂတ်ကို ကြိုမသိနိုင်တာ အကောင်းဆုံးပါပဲ၊ ကိုယ့်ရဲ့ ကံကြမ္မာကို ကြိုသိရင် လူတိုင်းဟာ သတ်သေချင်စိတ်ပေါက်သွားကြ မယ်၊ ဒါဟာ မိုးကြိုးအလောင်းကို မစောင့်ရှောက်နိုင်တဲ့ နင့်အတွက် ငါ့ရဲ့ ဒဏ်ခတ်ခြင်းပဲ ... ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၄ )

## သူကြီးက မိုးကြိုးအလောင်းကို ရှာတွေ့ပါ့မလား

www.burmeseclassic.com

www.burmeseclassic.com

**ဗိန္ဒာ** ဆရာပျို့တို့နှစ်ယောက် ဒေါ်အိုစာ့အိမ်မှာ မြေလှန်ရှာနေကြပေမယ့် ရတနာတွေကို မတွေ့ရဘူး။

မင်းစံက ပြတင်းပေါက်ကို လှမ်းကြည့်ပြီး ...

"အဘွားကြီး ပြန်လာပြီဗျို့၊ ကျုပ်တို့ အမြန်ပြန်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆော်ဩလိုက်တယ်။

ဆရာပျိုက နောက်ဆုံးတူးဆွထားတဲ့ မြေတွေကို သေသပ်အောင် ပြန်လုပ်လိုက်တယ်။

ထွက်ခွာရန်ပြင်တဲ့အခါ ဆရာပျိုဟာ ဆေးရည်စိမ်ထားတဲ့ ဖန်ပေါင်းချောင်ကြီးတွေရှိရာ ကြည့်လိုက်မိတယ်။

ဖန်ပေါင်းချောင်ကြီးတွေထဲမှာ မြွေတွေကို အရွယ်အစားမျိုးစုံ တွေ့လိုက်ရတယ်။

ဆရာပျိုဟာ ဖန်ပေါင်းချောင်တစ်ခုကို မ,ယူပြီး မင်းစံနဲ့အတူ ထွက်ခွာခဲ့တယ်။

မင်းစံတို့ ဒေါ်အိုစာ့အိမ်က ထွက်ခွာချိန်မှာတော့ သူကြီးဦးဆောင်တဲ့ မီးတုတ်ကိုင်ရွာသားတွေဟာ ရွာထိပ်ကို ရောက်ရှိနေကြတယ်။

သူကြီးက မီးဖိုပြီးကျန်ခဲ့တဲ့ အစအနတွေကို ညွှန်ပြပြီး

"သွားပြီ ... အလောင်းသူခိုးတွေ မရှိတော့ဘူး"

"ဒင်းတို့ ဘယ်လမ်းက သွားနိုင်မလဲ"

လို့ ခေါင်းကုတ်ရင်း စဉ်းစားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့သွားဖို့ နှစ်လမ်းပဲရှိတယ်၊ ရွာတွေကိုဖြတ်ပြီး ကားလမ်းဘက် ထွက်တဲ့လမ်းနဲ့ တောအုပ်ကိုဖြတ်ပြီး မြစ်ချောင်းအတိုင်း စုန်ဆင်းဖို့ပဲ၊ ဒင်းတို့ အလောင်းကိုသယ်ပြီး လူသိရှင်ကြားတော့ မသွားနိုင်ဘူး၊ တောလမ်းပဲ ဖြစ်ဖို့များတယ်၊ ကျုပ်တို့ လူစုခွဲပြီး အမြန်လိုက်မှ ဖြစ်မယ် သူကြီး"

သာအေးရဲ့စကားကြောင့် သူကြီးဟာ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒီတော့ လူတစ်ဝက်ကို မင်းကဦးဆောင်ပြီး ကားလမ်းဘက်သွားရမယ်၊ ငါနဲ့ ကျန်တစ်စုက တောလမ်းအတိုင်း ရှာမယ်၊ မင်းတို့အားလုံး သိထားဖို့က မိုးကြိုးအလောင်းကို မရ,ရတဲ့နည်းနဲ့ သွားပြန်သယ်ရမယ်၊ သူကြီးဖြစ်တဲ့ ငါကိုယ်တိုင်တောင် ငါ့သားရဲ့ရာပနကို လျစ်လျူရှုပြီး မိုးကြိုးအလောင်းနောက် လိုက်ခဲ့တာ အားလုံးအသိပဲ၊ ဒေါ်အိုစာဟာ ငါတို့ အိုးဘိုစုတစ်ရွာလုံး အစဉ်အဆက်အားထားခဲ့တဲ့ လူတစ်ယောက်ဖြစ်တယ်၊ သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့ အသက်ကိုရင်းသင့်ရင်တောင် ရင်းရလိမ့်မယ် ... အားလုံး ကြားကြရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

ရွာသားအားလုံး တညီတညွတ်တည်း ...

"ဟုတ်ကဲ့ ... ကြားပါတယ် သူကြီး၊ ကျုပ်တို့ မိုးကြိုး အလောင်းကို ရအောင်ယူပါ့မယ်"

လို့ ကြွေးကြော်လိုက်တော့တယ်။

ဒီအချိန်မှာပဲ ကောင်းကင်ကြီး အုံ့မှိုင်းသွားပြီး မိုးစက် မိုးပေါက်တွေ ကျလာတယ်။

မိုးရွာတဲ့အတွက် မီးတုတ်အားလုံး မီးငြိမ်းသွားတယ်။

သူကြီးနဲ့ သာအေးက အုပ်စုနှစ်စုခွဲပြီး မည်းမည်းမှောင် နေတဲ့ မိုးရေစက်တွေကြားမှာ လမ်းခွဲလိုက်ကြတော့တယ်။

ဒီအချိန်မှာတော့ ဗိန္ဓောဆရာပျို့နဲ့ မင်းစံဟာ ဆရာပျို ရဲ့ နေအိမ်ကို ပြန်ရောက်နေကြပြီ ဖြစ်တယ်။

နှစ်ဦးသား မိုးရေစိုအဝတ်များလဲလှယ်ပြီး လက်ဖက် ရည်ကြမ်းသောက်ချိန်မှာတော့ ...

"နေပါဦး ဆေးဆရာကြီး ... ခုနက ဒေါ်အိုတို့အိမ် က ယူလာတဲ့ မြွေပေါင်းချောင်းကြီးက ဘာလုပ်ဖို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တဲ့အခါ ဆရာပျိုက …

"အဲဒါ ရိုးရိုးမြွေမဟုတ်ဘူး မောင်ရင် … စပါးကြီးမြွေ ဖြစ်သလို သူ့ရဲ့သည်းခြေက မြန်မာဆေးဖော်စပ်ရာမှာ သိပ်အသုံးဝင်တယ်၊ ရောဂါအတော်များများကိုလည်း ပျောက်ကင်းနိုင်တယ်၊ ဒါကြောင့် ကျုပ်ယူခဲ့တာ"

လို့ ပြောတယ်။

မင်းစံက တွေးတွေးဆဆအမူအရာနဲ့ ခေါင်းခါယမ်းလိုက်ရင်း …

"ဆေးဆရာတစ်ယောက်အနေနဲ့ စပါးကြီးမြွေကို ရဖို့ဆိုတာ မခဲယဉ်းဘူး၊ ကျေးလက်မှာနေတဲ့ ဆရာတစ်ယောက်အတွက် ပိုပြီးတောင် လွယ်ကူပါတယ်၊ ဆေးဆရာကြီးမှာ တခြားအကြောင်း ရှိနေပြီထင်တယ်"

လို့ ဆရာပျိုရဲ့မျက်နှာကို စိုက်ကြည့်ပြီး မေးလိုက်တယ်။

မင်းစံရဲ့အမေးကြောင့် ဆရာပျိုဟာ မျက်နှာအကြီးအကျယ် ပျက်သွားတယ်။ အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားပြီးမှ သက်ပြင်းကို အသာချရင်း …

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်ပြောတာ မှန်ပါတယ်၊ တကယ်တော့ ဒေါ်အိုစာဟာ ကျုပ်ဘဝတစ်ခုလုံးကို ခြေမွဖျက်ဆီးခဲ့တဲ့ မကောင်းဆိုးဝါးမကြီးပဲ၊ ကျုပ်အမေဟာ အိုးဘိုစုရွာသားတွေလိုပဲ ဒေါ်အိုစာရဲ့ ပညာရပ်တွေကို မျက်စိမှိတ် ယုံကြည်သူတစ်ယောက်ပါ၊ ကျုပ်မိဘတွေဟာ ကိုင်းလုပ်တဲ့ တောင်သူတွေဆိုတော့ စားနိုင်သောက်နိုင်ရှိလေးနေထိုင်ခဲ့ရတယ်၊ ကျုပ် လေးနှစ်သားအရွယ်မှာ အဖေဟာ ငှက်ဖျားကြောင့် သေဆုံးခဲ့တယ်၊ အဖေဆုံးပြီး သိပ်မကြာဘူး ...ကျုပ်တို့သားအမိဟာ စီးပွားပျက်ပြီး စားနိုင်နေနိုင်တဲ့ဘဝကနေ စားရမဲ့သောက်ရမဲ့ အခြေအနေကို ရောက်ခဲ့တယ်၊ အဲဒီအချိန်မှာ အမေဟာ ကျုပ်ကို လက်ဆွဲပြီး သူအားကိုးအားထားတဲ့ ဒေါ်အိုစာဆီကို သွားခဲ့တယ်၊ အမေက ဒေါ်အိုစာကို ကျုပ်တို့သားအမိနှစ်ယောက်ရဲ့ဘဝကို ဆင်းရဲတွင်းက ကယ်တင်စောင့်ရှောက်ပေးဖို့၊ မျက်ရည်လည်ရွဲနဲ့ လက်အုပ်လေးချီပြီး ပြောနေတာ ခုထိ ကျုပ်မျက်လုံးထဲက မထွက်ဘူး။ ဒီအခါမှာ ဒေါ်အိုစာက ဖိုးမြိုင်ဆီက သိဒ္ဓိစာတ်လုံး ယူပေးနိုင်ရင် တစ်သက်စားမကုန်တဲ့ ရွှေတွေပေးမယ်လို့ ပြောခဲ့တယ်၊ ဒေါ်အိုစာရဲ့ စကားကြောင့် အမေဟာ သိဒ္ဓိစာတ်လုံးကို ရအောင်ယူပေးပါ့မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကတိပေးလိုက်တယ်၊ အဲဒီနောက်မှာ ကျုပ်အမေဟာ သိဒ္ဓိဓာတ်လုံး ရဖို့အတွက် ဦးဖိုးမြိုင်နဲ့ တွေ့ဆုံခဲ့တယ် ...

ဦးဖိုးမြိုင်ဆိုတာက အဂ္ဂိရတ်ဖိုထိုးသလို တစ်ဖက်ကလည်း မကောင်းတာမှန်သမျှ အကုန်လုပ်တဲ့ လူရှုပ်လူပွေကြီး တစ်ဦးပါ၊ အမေက ဦးဖိုးမြိုင်ကို အိမ်နဲ့ခြံပိုင်းပေးပါ့မယ်၊ သိဒ္ဓိဓာတ်လုံးပေးပါလို့ တောင်းဆိုလိုက်တယ်၊ ဦးဖိုးမြိုင်က စဉ်းစားပြီး အကြောင်းပြန်မယ် ... နောက်နှစ်ရက်နေရင် လာခဲ့ပါလို့ ပြန်ပြောခဲ့တယ်၊ နှစ်ရက်ပြည့်တဲ့နေ့မှာတော့ အမေဟာ ဦးဖိုးမြိုင်ဆီကို သွားခဲ့တယ်။ ဦးဖိုးမြိုင်ဟာ ကျုပ်အမေကို လှူယုတ်မာဇာတ်ခင်းပြီး ခြေတော်တင်ခဲ့တယ် ...

အမေဟာ ဦးဖိုးမြိုင်ရဲ့ ခြေတော်တင်ခြင်းခံရတဲ့အတွက် အရှက်ကြီးရှက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်၊ ကျုပ်ဟာ အမေမရှိတော့တဲ့နောက် ရွာဦးကျောင်းက ကပ္ပိယကြီးဆီမှာ နေထိုင်ခဲ့ရတယ်၊ ကပ္ပိယကြီးရဲ့ကျေးဇူးကြောင့် ကျုပ် ဗိန္ဓောဆရာဘဝကို ရောက်ခဲ့ရတာပါ''

လို့ ရှည်လျားစွာ ရှင်းပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းစံဟာ ဆရာပျို့ကို ငေးစိုက်ကြည့်ရင်း ...

"ဆေးဆရာကြီးရဲ့အဖြစ်ကလည်း ရင်နင့်စရာပါလား၊ ဒေါ်အိုစာကြောင့် ဆေးဆရာကြီးရဲ့အမေ သေဆုံးခဲ့ရတယ်၊ အဲဒါနဲ့ ဆေးရည်စိမ်ထားတဲ့မြွေကြီးက ဘယ်လိုများ ပတ်သက်နေလို့လဲ"

လို့ မေးလိုက်ပြန်တယ်။

ဆရာပျို့က နာကြည်းရိပ်လွှမ်းတဲ့ အသံနဲ့ ...

"ကျုပ် ကလေးဘဝကတည်းက ဒေါ်အိုစာနဲ့ပတ်သက်ပြီး သိပ်ကြောက်စရာကောင်းတဲ့ စကားတစ်ခု ကြားဖူးတယ်၊ ဒေါ်အိုစာဟာ အစိမ်းသေတဲ့လူတွေရဲ့ဝိညာဉ်ကို မြွေတွေဆီမှာ အသက်သွင်းပြီး ထားတတ်တယ်ဆိုတာပါပဲ၊ အဲဒီမြွေတွေကို ဆေးရည်စိမ်ပြီး ဖန်ပေါင်းချောင်ကြီးတွေထဲ ထည့်ထားတယ်လို့ ကြားဖူးတယ်၊ ရွာမှာ ကြီးဆွဲချသေတဲ့အလောင်းပေါ်တဲ့အခါ ရွာသားတွေက ဒီဘဝရဲ့ မှုပင် သောကပျောက်ဖို့ သေကြောင်းကြံပေမယ့် ဒေါ်အိုစာရဲ့ ဝိညာဉ်ချုပ်ခြင်းခံရတော့မယ်လို့ မချိတင်ကဲ ရေရွတ်တတ်ကြတယ်၊

ဒါကို သိထားတဲ့အတွက် အစိမ်းသေတဲ့ အမေ့ရဲ့ဝိညာဉ်ကိုလည်း ဒေါ်အိုစာဟာ ဝိညာဉ်ချုပ်လုပ်ထားမှာပဲလို့ ကျုပ်တွေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အမေဟာ ဒေါ်အိုစာ့ကြောင့် သေခဲ့ရသလို သေတဲ့နောက်မှာ တောင် ဝိညာဉ်ချုပ်ခြင်းခံရမှာဖြစ်တယ်လို့ တွေးမိပြီး ကျုပ် ဒေါ်အိုစာ့ ကို နာကြည်းမုန်းတီးမိတယ်၊ ကျုပ်ဟာ ဆေးရည်စိမ်ထားတဲ့ မြွေကို တွေ့တော့ အမေ့ကိုသတိရစိတ်နဲ့ နာကြည်းစိတ်တွေ ပြန်နိုးထလာ သလို ခံစားလိုက်ရတယ် ...ဒါကြောင့် ယူခဲ့တာပါ''

လို့ ပြောလိုက်တယ်။

''ကြားရတာ အထူးအဆန်းတွေပဲဗျာ၊ ဆေးဆရာကြီးက အဲဒီမြွေကို ဘာလုပ်မလဲ''

မင်းစံရဲ့အမေးကြောင့် ဆရာပျို့က ဖန်ပေါင်းချောင်ကြီး ကို စူးစိုက်ကြည့်ရင်း ...

''ကျုပ်ရဲ့ရည်ရွယ်ချက်က အဲဒီမြွေကို လွှတ်ပေးဖို့ပါပဲ၊ တကယ်လို့ အဲဒီမြွေဟာ ဝိညာဉ်ချုပ်ရှိနေခဲ့ရင် လွတ်မြောက်သွား မယ်လို့ ယူဆတယ်''

မင်းစံက ဆရာပျို့ကြည့်နေတဲ့ မြွေဆီ အကြည့်ရောက် သွားပြီ ...

''မြွေက လုံးဝလှုပ်ရှားမှု မရှိဘူးနော်၊ ကြည့်ရတာ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးပဲ''

လို့ ပြောလိုက်ပေမယ့် ဆရာပျို့က ...

''မောင်ရင့်ရတနာကိစ္စ ဘယ်လိုလုပ်မလဲ၊ ဒေါ်အိစာ့အိမ်မှာလည်း လုံးဝမတွေ့ဘူး။ နေရာများ လွဲနေရော့လား''

လို့ မေးလိုက်မိတယ်။

မင်းစံက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး စိတ်ရှုပ်ထွေးဟန်နဲ့ ...

''ကျုပ်လည်း အဲဒီကိစ္စကို တွေးမရအောင် ဖြစ်နေတယ်၊ ကျုပ်အစ်ကိုရဲ့ အလောင်းကိစ္စလည်း ကျုပ်တို့ ဘာမှမသိရဘူး ဆေးဆရာကြီး ကူညီပါဦး''

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၅ )

## မိုးကြိုးအလောင်း ဘယ်ရောက်နေသလဲ...?

www.burmeseclassic.com

www.burmeseclassic.com

**သူကြီး** ဘိုးချစ်မြိုင်တို့လူစုဟာ တောကြီးမျက်မည်းထဲဝင်ပြီး ဆရာမြိုင်တို့လူစုကို အသည်းအသန် ရှာဖွေကြတယ်။

အရုဏ်တက်အချိန်လောက်ရောက်တော့ သူတို့အားလုံး ခြေကုန်လက်ပန်းကျနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးဘိုးချစ်မြိုင်က ကျောက်တုံးပေါ် ထိုင်ချလိုက်ရင်း

"တစ်ညလုံးရှာတာ သူတို့အသုံးပြုခဲ့တဲ့ မီးဖိုရဲ့ မီးကြွင်း မီးကျန်တောင် မတွေ့ရဘူး၊ ဒီအတိုင်းဆို ဆရာမြိုင်တို့လူစုဟာ ကားလမ်းဘက်သွားတာ သေချာပြီဗျော့"

လို့ ပြောလိုက်တယ်။

"ဟုတ်တယ်ဗျို့ . . . ရေ့နားဆို မြစ်ချောင်းတောင် ရောက်နေပြီ . . . ဘာသဲလွန်စမှ မတွေ့ရဘူး၊ သူကြီးပြောတဲ့အတိုင်း ဒင်းတို့ ကားလမ်းကသွားတာ ဖြစ်ရမယ်"

ရွာသားတစ်ယောက်ရဲ့ ထင်ကြေးပေးသံကို ကျန်တစ်ယောက်က . . .

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ မြစ်ကမ်းအထိ ရောက်အောင် သွားရမယ်"

လို့ ဝင်ပြောပြန်တယ်။

သူကြီးက ထိုရွာသားရဲ့စကားကို အတည်ယူပြီး ခရီး ဆက်ဖို့ ခေါ်ညြလိုက်တယ်။ သူတို့အားလုံး မိုးစက်မိုးမှုန်တွေကြား ခရီးဆက်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်စပ်ကို ရောက်တဲ့အခါ သူကြီးက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ပြီး ...

"ဒီမှာလည်း ဘာသဲလွန်စမှ မမြင်ရပါလား ... ဒင်းတို့ ဓာတ်ငါလေ့တစ်စီးစီးနဲ့များ ပါသွားနိုင်မလား"

လို့ ရေရွတ်လိုက်တယ်။

ရွာသားတစ်ယောက်က မြစ်ကမ်းတစ်နေရာကို ညွှန်ပြပြီး ...

"ဟိုကမ်းစပ်မှာ ဘာလဲမသိဘူးဗျို့"

လို့ အော်ဟစ်လိုက်တဲ့အခါ အားလုံးရဲ့အကြည့်က ထိုနေရာကို ရောက်သွားတယ်။

သူတို့အားလုံး ထိုနေရာကို တရွေ့ရွေ့ ချဉ်းကပ်သွားကြတယ်။

အနားရောက်တော့ အားလုံး မျက်လုံးပြူးသွားကြပြီး ..

"ဟာ ... လူသေအလောင်းတွေပဲ၊ အနံ့တောင် ထွက်ချင်နေပြီ"

လို့ အထိတ်တလန့် အော်ဟစ်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးဘိုးချစ်မြိုင်က မှောက်လျက်လဲနေတဲ့အလောင်းကို ဆွဲလှန်လိုက်တယ်။

"ဟင် . . . ဆရာမြိုင်ပါလား။ ဘယ်လိုကြောင့်များ သေကြပါလိမ့်"

သူကြီးရဲ့ ရေရွတ်သလို ရွာသားတစ်ယောက်က . . .

"အလောင်းတွေကြည့်ရတာ ခြေထောက်တွေ မရှိတော့ဘူး . . . ဒါဟာ ဒီမြစ်ကြောင်းတစ်လျှောက် သောင်းကျန်းနေတဲ့ မိကျောင်းလင်မယား လက်ချက်ပဲ၊ ကျုပ်တို့ ဒီမှာ ကြာကြာနေလို့ မကောင်းဘူး သူကြီး"

လို့ ပြောလာတယ်။

သူကြီးက စိတ်ပျက်လက်ပျက်အမူအရာနဲ့ . . .

"ဒုက္ခပါပဲကွာ . . . ဒင်းတို့သေတာ အကြောင်းမဟုတ်ဘူး။ မိုးကြိုးအလောင်းက ဘယ်ရောက်နေလဲ၊ မိုးကြိုးအလောင်းမပါဘဲ ဒေါ်အိုစာ့ကို ငါ ဘယ်လိုရင်ဆိုင်ရမလဲ၊ မင်းတို့ ဒီနားတစ်ဝိုက်မှာ မိုးကြိုးအလောင်းကို လိုက်ရှာကြ"

လို့ အမိန့်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာ ရွာသားတစ်ယောက်က မြစ်ဆီ မျက်လုံး ရောက်သွားပြီး ...

"ဟာ သူကြီး သူကြီး ... ဟိုမှာကြည့်ပါဦး ... မြစ်ထဲမှာ သစ်တုံးလိုအရာကြီး မျောလာတယ် ... အဲ ... အဲဒါ မိကျောင်း"

လို့ အထိတ်တလန့် အော်ဟစ်လိုက်သလို လူအားလုံး မြစ်ထဲ လှမ်းကြည့်ရင်း ...

"ဟုတ်တယ်ဟေ့ ... လူနံ့ရလို့ မိကျောင်းလင်မယား လာနေပြီ၊ ကျုပ်တို့ ပြေးမှဖြစ်မယ်သူကြီး"

လို့ အော်ဟစ်သံတွေ ညံညံစီသွားတယ်။

"ဟုတ်တယ်ဟ ... သစ်တုံးမျောတာဆို ဒီလောက် မမြန်ဘူး၊ ဒါ မိကျောင်းအစစ်ပဲဟေ့ ... ပြေးကြ ပြေးကြ"

သူကြီးဘိုးချစ်မြိုင်ရဲ့ ဆော်ဩသံနဲ့အတူ ရွာသားအားလုံး နောက်ကြောင်းလှည့်ပြေးကြတယ်။ သူကြီးတို့ မိကျောင်းနဲ့ရင်ဆိုင် နေရစဉ် ဗိန္ဓောဆရာပျို့ရဲ့အိမ်မှာတော့ ...

"ကျုပ် ရွာထဲမှာ စုံစမ်းပြီးပြီ ... မောင်ရှုံးအစ်ကိုရဲ့ အလောင်းကို ဒေါ်အိုစာက အလိုရှိသလို မျက်နှာစိမ်း ဂမ္ဘီရဆရာတချို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မိုးကြိုးသွားလိုချင်လို့ ရွှေနဲ့တောင် လဲဖို့ပြောသတဲ့၊ အခုတော့ သူကြီးအိမ်မှာ အလောင်းမရှိတော့ဘူး … ဂမ္ဘီရဆရာတွေ လက်ဦးပြီး ခိုးယူသွားတယ်လို့ ကျုပ်သိရတယ်"

ဆရာပျိုရဲ့စကားကြောင့် မင်းစံက တောက်တစ်ချက် ပြင်းစွာခေါက်ရင်း …

"တောက် … အစ်ကိုမင်းဟန်ရဲ့အလောင်းကို ဦးသွားတဲ့ လူတွေနောက် ကျုပ် လိုက်မှဖြစ်မယ်၊ ကျုပ်အစ်ကိုရဲ့အလောင်းကို မြေမချရရင် ကျုပ် ဒီရွာကမပြန်ဘူး။ ကြာပါတယ်ဗျာ … ဒင်းတို့ နောက် ခုပဲလိုက်မယ်"

လို့ ကြိုးဝါးလိုက်တယ်။

ဆရာပျိုက မင်းစံရဲ့လက်ကို လှမ်းဆွဲလိုက်ပြီး …

"နေဦး မောင်မင်းစံ … ပြဿနာတစ်ခုကို အလျင်စလို မဖြေရှင်းနဲ့၊ ကျုပ်သိသလောက်က သူကြီးတို့ လူစုခွဲပြီး အလောင်း သူခိုးတွေနောက် လိုက်သွားကြတယ်၊ သူတို့ပြန်အလာကို စောင့် စေချင်တယ်"

လို့ အကြံပြုတဲ့အခါ မင်းစံက …

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးက အလောင်းနောက်လိုက်တာ အဓိက ဒေါ်အို စာရဲ့လက် အပ်မလို့မဟုတ်လား။ ဒီမိန်းမကြီးလက်တော့ ကျုပ်အစ်ကို ရဲ့အလောင်းကို အရောက်မခံနိုင်ဘူး။ အစ်ကိုဟာ အမေ့ကို ကျိန်စာ သင့်နေတဲ့ဘဝက လွတ်စေချင်လို့ အဘိုးရဲ့ရတနာကို ရှာဖို့ထွက်ခဲ့တာ၊ လောကကြီးက မတရားဘူးဗျာ . . . ကျုပ်အစ်ကိုလို သားလိမ္မာမျိုးကို မှ မိုးကြိုးပစ်ခံရတယ်လို့"

လို့ မချိတင်ကဲရေရွတ်ပြီး မျက်ရည်တွေ ဝေ့ဝဲလာတယ်။

ဆရာပျိုက မင်းစံကို စာနာစွာကြည့်ရင်း ပခုံးကို ဆုပ် ကိုင်ပြီး . . .

"စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့၊ မောင်ရင့်အစ် ကိုရဲ့အလောင်းကို ပြန်ရဖို့ ကျုပ် အစွမ်းကုန်ကူညီပေးပါ့မယ်၊ ရတနာ ကိစ္စလည်း ကျုပ် ရအောင်ကြိုးစားပေးပါ့မယ်ကွယ်"

လို့ နှစ်သိမ့်စကား ဆိုလိုက်တယ်။

ဒီအချိန်မှာပဲ အိမ်ရှေ့ကဖြတ်သွားတဲ့ လူသံကို ကြား လိုက်ရတယ်။

ဆရာပျိုက ပြတင်းပေါက်က ချောင်းမြှောင်းကြည့်ရှုရင်း

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးတို့ ပြန်လာပြီပေဟ့ . . . ဒါပေမဲ့ အလောင်းတော့ မတွေ့ရဘူး"

လို့ လှမ်းပြောလိုက်တယ်။

ဆရာပျို့စကားကြောင့် မင်းစံဟာ စိတ်လှုပ်ရှားသွားပြီး

"ကျုပ် သူကြီးကို သွားတွေ့ပြီး မေးကြည့်မယ်ဗျာ . . . ဒါမှ အကြောင်းစုံသိရမှာ"

လို့ ပြောရင်း သွားဖို့ပြင်လိုက်တယ်။

"မသွားနဲ့ . . . မောင်ရင်သွားရင် ပြဿနာတွေ ပိုရှုပ်ကုန်မယ်၊ ကျုပ်စကားကို ယုံပါ"

ဆရာပျို့က ပြောပြောဆိုဆို မင်းစံရဲ့လက်ကို လှမ်းဆွဲလိုက်တယ်။ မင်းစံက ဆရာပျို့ရဲ့လက်ကနေ ဆောင့်ရုန်းလိုက်တယ်။

ဒီအခါမှာ မင်းစံရဲ့လက်ဟာ စားပွဲပေါ်တင်ထားတဲ့ မြွေပေါင်းချောင်ကို တိုက်မိသွားတယ်။ 'ခွမ်း' ခနဲ အသံနဲ့အတူ ဖန်ပေါင်းချောင်တစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကျကွဲသွားတယ်။ ဖန်ကွဲစတစ်ခုက မြွေရဲ့ဝမ်းဗိုက်ကို ထုတ်ချင်းပေါက် စိုက်ဝင်သွားတယ်။

မြန်ဆန်လွန်းတဲ့အဖြစ်အပျက်ကြောင့် ဆရာပျို့တို့ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်သား မှင်တက်နေမိတယ်။ ဆရာပျိုက မြွေကြီးကို စူးစိုက်ကြည့်ရင်း . . .

"အံ့သြစရာပဲဟေ့ . . . ဖန်ကွဲစစိုက်ဝင်တာတောင် မြွေက မလှုပ်ဘူး . . . မှန်းစမ်း"

လို့ ရေရွတ်ပြီး မြွေကြီးကို ကိုင်တွယ်ကြည့်ရှုလိုက်တယ်။

ထုတ်ချင်းပေါက် စိုက်ဝင်နေတဲ့ ဖန်ကွဲစကို ဆွဲထုတ်လိုက်တဲ့အခါ ကြမ်းပေါ် 'ဒေါက်' ခနဲ ကျလာတဲ့ အနီရောင်အလုံးလေးကို တွေ့လိုက်ရတယ်။

ဆရာပျိုက ထိုအလုံးလေးကို ကောက်ယူပြီး ပုဆိုးစနဲ့ သုတ်လိုက်တယ်။

"ဟင် . . . ဒါ . . . ဒါ ပတ္တမြားတစ်လုံးပဲ၊ မြွေဗိုက်ထဲက ထွက်လာတာ"

ဆရာပျိုရဲ့အသံကြောင့် မင်းစံပါ ကြည့်လိုက်တယ်။

"ဟုတ်တယ်ဗျ . . . ပတ္တမြားအစစ်ပဲ၊ ကျုပ်တို့ မြွေကြီးရဲ့ဗိုက်ကို ခွဲကြည့်ရအောင်"

မင်းစံက ပြောဆိုရင်း အလျှင်အမြန် ဓားတစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားယူတယ်။

နှစ်ယောက်သား စိတ်လှုပ်ရှားစွာနဲ့ မြွေကြီးရဲ့ဝမ်းဗိုက်ကို ခွဲကြတယ်။

ဗိုက်ပွင့်သွားတဲ့အခါ နှစ်ယောက်သား အံ့သြစိတ်နဲ့အတူ "ဟာ" ခနဲ ဖြစ်သွားကြတယ်။

အရောင်အသွေးစုံလင်လှတဲ့ ရတနာတွေ မြွေရဲ့ဝမ်းဗိုက် အပြည့် တွေ့လိုက်ရတယ်။

"ရ ... ရတနာတွေ ... မနည်းဘူးဗျ၊ ဒါတွေဟာ ဒေါ်အိုစာ့ ရတနာတွေ ထင်တယ်"

မင်းစံရဲ့အပြောကို ဆရာပျိုက ရတနာတွေထုတ်ရင်း

"ဒီမှာကြည့် မောင်မင်းစံ ... ဒီဒေါင်းဘယက်ကို ကြည့်ရုံနဲ့ ရတနာတွေဟာ ဒေါ်အိုစာ့ပစ္စည်းမဟုတ်ကြောင်း အကဲဖြတ်လို့ ရတယ်"

လို့ ပြောလိုက်တဲ့အခါ မင်းစံက စိတ်လှုပ်ရှားသွားပြီး

"ဒေါ်အိုစာ့ပစ္စည်း မဟုတ်ဘူး ... ဟုတ်လား ဆေးဆရာကြီး၊ ဒါ ... ဒါဆို ကျုပ်အဘိုးရဲ့ရတနာတွေများ ဖြစ်နေမလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တယ်။

"ဟုတ်တယ် မောင်မင်းစံ ... ဒါတွေဟာ မောင်ရင့် အဘိုးရဲ့ ရတနာတွေပဲ၊ ဥစ္စာရှင်းမှန်လို့ မောင်ရင် ပြန်ရလိုက်တာ၊ ဘာကြောင့်လဲဆိုတော့ ဒေါင်းဘယက်မှာရေးထားတဲ့ စာတွေဟာ ပါဠိ ဘာသာနဲ့ ရေးထွင်းထားတယ်၊ အဓိပ္ပာယ်က 'ချစ်လှစွာသော နှမ အတွက် မောင်ကြီးရဲ့ ချစ်သက်လက်ဆောင်ပဏ္ဏာ' တဲ့၊ ကျုပ်ဟာ ကပ္ပိယကြီးနဲ့နေထိုင်စဉ်က ပါဠိသက္ကတဘာသာရပ်တွေကို တီးခေါက် မိတယ်လေ ... ဒါကြောင့် ဖတ်နိုင်တာပါ၊ ကျုပ်ထင်တာ မမှားဘူး ဆိုရင် ဒေါ်အိုစာဟာ အမှတ်မထင် ရတနာတွေကို တူးဖော်ရရှိလိမ့် မယ်၊ ပြီးတော့ မြွေသေတစ်ကောင်ရဲ့ ဗိုက်ကိုခွဲ, ရတနာတွေကို ထည့်ပြီး ပြန်ချုပ်ထားတယ်၊ ကျုပ်တို့ ကံကြီးလွန်းလို့ ရတနာတွေကို ပြန်ရလိုက်တာပဲ"

ဆရာပျို့ရဲ့စကား ဆုံးတဲ့အခါ မင်းစံက မျက်နှာညှိုးငယ် စွာနဲ့ ...

"ရတနာတွေပြန်ရကြောင်း ကျုပ်အစ်ကိုသာသိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ၊ တကယ်တော့ ဒီရတနာတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုမင်းဟာန် အသက်သေဆုံးခဲ့ရတယ်၊ ရတနာတွေကို သုံးပုံ ပုံပြီး တစ်ပုံက အမေ့ရဲ့ကျိန်စာဆိုးကို ကယ်တင်ရမယ်၊ နောက်တစ်ပုံက အစ်ကိုမင်းဟာန်အတွက် ကောင်းမှုပြုပေးမယ်၊ ကျန်တဲ့ တစ်ပုံကတော့ ကျုပ်ကို အစစအရာရာ ကူညီပေးခဲ့တဲ့ ဆေးဆရာကြီး အတွက်ပါပဲ”

လို့ ပြောလိုက်တဲ့အခါ ဆရာပျိုက ခေါင်းခါယမ်းလိုက်ပြီး ...

“ကျုပ်အတွက် ရတနာ မလိုဘူး၊ မောင်ရင့်အစ်ကိုရဲ့ အသက်ကို ကယ်တင်ခွင့်မရခဲ့တာ ကျုပ် နေ့စဉ် စိတ်မကောင်းဖြစ်မိတယ်၊ ရတနာတွေ ပြန်ရပေမယ့် အလောင်းရဖို့ ကြိုးစားရမယ်”

လို့ ပြောလိုက်တယ်။

မင်းစံဟာ ဆေးဆရာကြီးရဲ့ မြင့်မြတ်တဲ့စိတ်ထားကြောင့် ဘာစကားမှ မပြောနိုင်အောင် ဖြစ်သွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၆ )

## အလောင်းကို မင်းစံရပို့မလား...?

www.burmeseclassic.com

www.burmeseclassic.com

**သူကြီး** ဘိုးချစ်မြိုင်တစ်ယောက် မိုးကြိုးအလောင်းကြောင့် စိတ်သောကကြီးစွာ ဖြစ်နေရပြီ။

"မိုးကြိုးအလောင်းဟာ တကယ့်ဂြိုဟ်ဆိုးပဲ၊ ဒင်းကြောင့် ငါ့သားဘိုးချက်ရဲ့ အသုဘတောင် ငါ့မှာ မလုပ်နိုင်ဘူး၊ မိန်းမက

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့ကိုပစ်ပြီး သူ့မိဘတွေရှိတဲ့ရွာမှာ သွားနေတယ်၊ ဘိုးချက်ဆုံး ကြောင်း သတင်းကြားတာတောင် လုံးဝရောက်မလာခဲ့ဘူး။ မိုးကြိုးအ လောင်းနဲ့ပတ်သက်ပြီး ငါ့ကို စိတ်နာသွားပြီထင်တယ်၊ ဂမ္ဘီရဆရာမြိုင် တို့ သေသွားပေမယ့် မိုးကြိုးအလောင်းက ပျောက်နေတယ်၊ ဒေါ်အိစာ့ ကို ငါ ဘယ်လိုရင်ဆိုင်ရပါ့"

အတွေးနဲ့အတူ သူကြီးဟာ အောက်ထပ်ကိုဆင်းဖို့ ပြင် လိုက်တယ်။ လှေကားထိပ်အရောက်မှာတော့ ခေါင်းထဲ 'မိုက်' ခနဲဖြစ် သွားပြီး . . .

'ဒုန်း ဒုန်း ဒုန်း'

"အား"

ကျယ်လောင်တဲ့အသံကြောင့် သူကြီးတပည့်တွေ အပြေး ရောက်လာကြတယ်။

"ဟာ . . . သူကြီး . . . သူကြီး ပြုတ်ကျပြီ . . . လာ ကြပါဦးဟ"

သူကြီးဘိုးချစ်မြိုင်တစ်ယောက် လှေကားပေါ်က ပြုတ် ကျခြင်း၊ စိတ်ဖိစီးမှုများခြင်းတို့ကြောင့် ခေါ်မရအောင် သတိမေ့သွား

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။

တပည့်တွေက သူကြီးကို အိမ်ပေါ်မွေ့တင်ပြီး တချို့က ဆေးဆရာ ပြေးပင့်ကြတယ်။

ဆေးဆရာရောက်လာတဲ့အခါ သူကြီးကို သတိပြန်လည်အောင် လုပ်ပေးတယ်။ သူကြီး သတိရလာတဲ့အခါ ...

"ခြေ ... ခြေထောက်ထဲက သိပ်နာတယ် ... လုပ်ပါဦး ဆရာကြီး"

လို့ ညည်းညူလိုက်တယ်။

ဆေးဆရာကြီးက သူကြီးရဲ့ခြေထောက်ကို စစ်ဆေးပေးပြီး

"သူကြီးရဲ့ ဘယ်ဘက်ခြေထောက်က အရိုးကျိုးသွားတာပဲ၊ ဒါပေမဲ့ စိတ်မပူပါနဲ့ ... ကျပ်စည်းလိုက်ရင် ကောင်းသွားမှာပါ။ အဲ ... ခက်တာက ကျပ်စည်းဖို့အတွက် အသုံးပြုရမယ့် ဆေးအမယ်တွေ လိုလိမ့်မယ်၊ ဒီအတွက် ကျုပ် တောဝင်ပြီး ဆေးမြစ်တွေ ရှာရလိမ့်မယ်"

လို့ ပြောတဲ့အခါ သူကြီးဟာ ထိတ်လန့်သွားပြီး ...

"ဗျာ ... ဒါ ... ဒါဆို ကျုပ်ခြေထောက် မကောင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့၊ ကျုပ် …ကျုပ်ကိုကယ်ပါ ဆရာကြီးရယ်၊ အမြန်ဆုံး လမ်းလျှောက်နိုင်အောင် လုပ်ပေးပါ …ဆရာကြီးကျေးဇူး မမေ့ပါဘူး''

လို့ ဆေးဆရာအဘိုးအိုကို လက်အုပ်ချီပြီး ပြောလိုက်တယ်။ ဆေးဆရာအဘိုးအိုက စိတ်မသက်သာဟန်နဲ့ ခေါင်းခါယမ်းလိုက်ရင်း …

''အမြန်ဆုံး လမ်းပြန်လျှောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ကျုပ်စည်းပြီးရင်တောင် တစ်လကိုးသီတင်း လမ်းလျှောက်ဖို့ မလွယ်ဘူး၊ အခုပဲ တောဝင်ပြီး ကျုပ် ဆေးမြစ်ရှာမှာပါ၊ ကျုပ်မရှိတဲ့အချိန်မှာ အိပ်ရာပေါ်က လုံးဝမလှုပ်ရှားပါနဲ့ …အဲဒါ အရေးကြီးတယ်''

လို့ ပြောတယ်။ သူကြီးဘိုးချစ်မြိုင်ရဲ့ အတွေးထဲမှာတော့

''နင်ဟာ သေမတတ်ဝေဒနာဆိုးတစ်ခု ခံစားရလိမ့်မယ်''

ဆိုတဲ့ ဒေါ်အိစာရဲ့နိမိတ်ဖတ်သံကို ကြားယောင်မိတယ်။ ဆေးဆရာကြီး ထွက်သွားတဲ့အခါ သူကြီးဟာ အိပ်ရာပေါ် ကျောက်ရုပ်လို ငြိမ်သက်နေရာမှ …

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိုစာနီမိတ်ဖတ်တဲ့အတိုင်း ငါတော့ အိပ်ရာထဲ လဲနေပြီ၊ ကျွန်တဲ့ နီမိတ်နှစ်ခုဖြစ်တဲ့ မီးဘေးကျဖို့နဲ့ မိစ္ဆာဆိုးတွေ ရဲ့ဘေး ကြုံဖို့ပဲ ကျန်တော့တယ် . . . ဘုရား ဘုရား"

လို့ တီးတိုး ရေရွတ်လိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၇ )

## သူကြီး ဘာတွေကြုံရဦးမလဲ...?

www.burmeseclassic.com

www.burmeseclassic.com

**သန်းခေါင်ယံအချိန်...**

"အောင်မလေးဗျ ... ကယ်တော်မူကြပါဗျို့"

ငယ်သံပါအောင် အော်လိုက်တဲ့အသံကြောင့် ခိုးဘိုစု

တစ်ရွာလုံး အထိတ်တလန့် ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှာသားတွေဟာ အိမ်ပြင်ထွက်ပြီးကြည့်တဲ့အခါ ရှာလမ်းမတစ်လျှောက် အသည်းအသန်ပြေးလွှားနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။

ရှာသားတွေလည်း အထိတ်တလန့်ဖြစ်ပြီး ထိုလူနောက်ပြေးလိုက်ကြတယ်။

ထိုလူက သူကြီးခြံထဲပြေးဝင်ပြီး အိမ်ပေါ်တက်သွားတယ်။

"သူ ... သူကြီး ကျုပ် ... ကျုပ် အခြောက်ခံရတယ်"

ရှာသားရဲ့အသံကြောင့် အိပ်ရာထဲလှဲနေတဲ့ သူကြီးက

"ဟေ့ သာဒင် ... မင်းက ထန်းတောကို ခေါင်းအုံးအိပ်တဲ့ကောင် ... မင်းစကား ငါမယုံဘူး"

လို့ ပြောလိုက်တဲ့အခါ သာဒင်က ချွေးဒီးဒီးကျနေတဲ့ မျက်နှာနဲ့ ...

"ကျုပ်ကိုခြောက်တာ ဘယ်သူမှတ်လို့လဲ ... သူကြီးရဲ့သား ဘိုးချက်ဗျ၊ ကျုပ် အိမ်ကမိန်းမနဲ့ စကားများပြီး ထန်းတောဘက်သွားဖို့ပြင်တာ ရှာထိပ်ညောင်ပင်ကြီးအောက်ရောက်တော့ ကျုပ် အကျီစကို လှမ်းဆွဲထားခံရတယ်၊ လှည့်ကြည့်လိုက်တော့ ဘိုးချက်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ညောင်ပင်ရဲ့ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်ပြီး လက်တစ်ဖက်က ဆေးလိပ်ကို ရဲနေအောင်ဖွာနေတယ်၊ ကျန်တဲ့တစ်ဖက်က ကျုပ်ကို လှမ်းဆွဲထားတာဗျ၊ ဆေးလိပ်မီးကြောင့် သူ့မျက်နှာကို ကျုပ် တွေ့ရတာ၊ ကြောက်စရာကြီးဗျာ ... မျက်လုံးကြီးမှ ပြူးနေတာပဲ၊ ဒါဟာ သူကြီး ကောင်းမှုမလုပ်ပေးလို့ ဘိုးချက် မကျွတ်လွတ်တဲ့ဘဝ ရောက်နေတာ''

လို့ ပြောလိုက်တယ်။ သာဒင့်စကားကြောင့် သူကြီးဘိုးချစ်မြိုင် မျက်နှာအကြီးအကျယ် ပျက်သွားရှာတယ်။

''မဖြစ်နိုင်ဘူး သာဒင် ... တကယ်လို့များ ဘိုးချက်ဟာ မကျွတ်လွတ်တဲ့ဘဝရောက်ခဲ့ရင်၊ ဖအေဖြစ်တဲ့ငါ့ကို အိပ်မက်ပေးမှာပါ၊ မင်းပြောတာ ငါမယုံဘူး ... မင်း ပြန်တော့''

သူကြီးရဲ့ မာထန်တဲ့အသံကြောင့် သာဒင်ဟာ မျက်နှာတင်းမာသွားပြီး ...

''အိပ်မက်ပေးတော့ရော သူကြီးက ဘာလုပ်နိုင်မှာမို့လဲ၊ ဘိုးချက်က အစိမ်းသေဗျ၊ သူ့ရဲ့ဝိညာဉ်ဟာ ဒေါ်အိုစာ့ဆီမှာ ဝိညာဉ်ချုပ်ဖြစ်နေမှာ သေချာတယ်၊ ဒေါ်အိုစာဟာ လက်ွယ်ညတွေမှာ ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို သွားလာခွင့်ပေးတယ်လို့ ကျုပ်ကြားဖူးတယ်၊ ဒီနေ့ လက္ခယ် ညပဲ၊ ဒါကြောင့် ကျုပ်တွေ့ခဲ့တာ''

လို့ ပြောလိုက်တဲ့အခါ သူကြီးက ...

''မင်းပါးစပ်ကို ပိတ်စမ်း။ ခုချက်ချင်း ပြန်တော့ ... သွား''

လို့ အသံကုန် အော်ငေါက်လိုက်တယ်။

သာဒင်က သူကြီးကို မကျေမနပ်ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားတယ်။

ဒီအချိန်မှာပဲ ရွာသူတစ်ယောက်ဟာ ကလေးလက်ဆွဲပြီး ငိုကြီးချက်မနဲ့ သူကြီးအိမ်ပေါ် တက်လာတယ်။

''ဟဲ့ ဟဲ့ ... ဒါက ဘာဖြစ်လာကြတာတုံး။ အထိတ်တလန့် ရှိလိုက်တာ၊ ငါ့လည်း ခြေထောက်ကျိုးတာတောင် အေးအေး မနေရဘူး ... အပူတွေက အိမ်ပေါ်ထိ ရောက်လာတယ်''

ရွာသူမိန်းမဟာ သူကြီးရဲ့စကားကို ဂရုမပြုဘဲ ...

''ဟောဒီက ကျုပ်သားကို ကြည့်စမ်းပါဦး သူကြီးရဲ့၊ ကျုပ်သားလေး ကိုယ်ကျိုးနည်းရပါပြီ ... အီး ဟီး ဟီး''

www.burmeseclassic.com

www.burmeseclassic.com



လို့ အသံပြကြီးနဲ့ အော်ငိုလိုက်တယ်။

သူကြီးဟာ ကလေးငယ်ဆီ အကြည့်ရောက်သွားတယ်။ ကလေးငယ်ဟာ ဘာမှမဖြစ်သလိုပုံစံနဲ့ ငူငူကြီး ရပ်နေတယ်။

"ညည်းကလေး ဘာဖြစ်လို့လဲ ... အမြန်ပြောစမ်းပါဟ"

သူကြီးရဲ့အမေးကြောင့် ရွာသူဟာ ငိုသံကို အရှိန်မြှင့်လိုက်ပြီး ...

"အီး ဟီး ဟီး ... ကျုပ် ... ကျုပ်သားလေး နေဝင်ရီတရောအချိန်က ဆော့ပြီးပြန်လာတယ်၊ ပြန်လာကတည်းက ဘယ်သူ့ကိုမှလည်း စကားမပြောဘူး၊ ထမင်းကျွေးလို့လည်း မရဘူး၊ အိမ်အဝင် တံခါးဝမှာ ငုတ်တုတ်ထိုင်ပြီး လမ်းမကိုပဲ ငေးနေတယ်၊ ကျုပ်လည်း ကလေးကို မသင်္ကာတာနဲ့ အနားသွားပြီး မေးမြန်းဖို့လုပ်တယ်၊ အဲဒီမှာ သားလေးဟာ လမ်းမဘက်ကို ကြည့်နေရာက ထပြီး ...

"ကိုကြီးဘိုးချက် ဘယ်သွားမလို့လဲ" လို့ ထပြောတော့တာပဲ၊ ပြီးတော့ လမ်းဘက်ကို ပြေးထွက်မယ်လုပ်လို့ ကျုပ်တို့ နည်းနည်းဆွဲထားရတယ်၊ အီး ဟီး ဟီး ... ကျုပ်ကလေးကို ဘိုးချက်တစ္ဆေက

www.burmeseclassic.com



ဖမ်းစားပြီးထင်ပါ့၊ ကျုပ်ကလေးကို လိပ်ပြာနုတ်တော့မယ် ...အီး ဟီး ဟီး''

လို့ ရှိက်ကြီးတင်င် ပြောတယ်။

သူကြီးဟာ အကြီးအကျယ် စိတ်ရှုပ်ထွေးသွားပြီး ...

''တစ်ယောက်ကလည်း ဘိုးချက်, နောက်တစ်ယောက်ကလည်း ဘိုးချက်နဲ့ ငါ့ခေါင်းတွေ မီးမွှင့်မတတ် ပူနေပြီဟေ့၊ ငါ့သား လိပ်ပြာနုတ်မှာစိုးလည်း ဘုန်းကြီးကျောင်းသာ သွားနေကြတော့၊ အလုံးအရင်းနဲ့ဝင်လာတဲ့ အကုသိုလ်တွေ ... သေသာသေလိုက်ချင် တော့တယ်ဟေ့''

လို့ အော်ဟစ်ရင်း စားပွဲကို လက်နဲ့ 'ဒုန်း' ခနဲ ဆောင့်တွန်းလိုက်တယ်။

သူကြီး ဒေါသထွက်မှန်းသိတဲ့အခါ ရွာသူမိန်းမဟာ အငိုရပ်သွားတယ်။

ကြောက်လန့်တကြီး အမူအရာနဲ့ ကလေးလက်ဆွဲပြီး သူကြီးအိမ်က ပြေးဆင်းသွားရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၈ )

## ဘိုးချက်တဗွေတတကယ်လား ...?

www.burmeseclassic.com

www.burmeseclassic.com

## နောက်နေ့နံနက် ...

အကြားအမြင် ဒေါ်ဘုမရဲ့အိမ်မှာ ရွာသူတစ်သိုက် စုပြုံ ရောက်နေတယ်။

အဲဒီအထဲမှာ ဘိုးချက်တစ္ဆေရဲ့ ခြောက်လှန့်ခြင်းခံရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးအမေနဲ့ သာဒင်တို့လည်း ပါတယ်။

ကလေးအမေက သူ့သားကိစ္စကို ငိုကြီးချက်မနဲ့ ဒေါ်ဘုမကို ပြောလိုက်တယ်။

ဒေါ်ဘုမဟာ ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ပြီး

"ဘိုးချက်တစ္ဆေမကလို့ တောစောင့်လမိုင်းကြီးပဲ ဖမ်းစားပါစေ ... ငါ့ရဲ့လိပ်ပြာကြိုးနဲ့တွေ့ရင် အနားတောင် ကပ်နိုင်မှာမဟုတ်ဘူး၊ ရော့ ... ဒီလိပ်ပြာကြိုးကို ကလေးရဲ့ခါးမှာ စည်းပေးလိုက်၊ ဘာပယောဂမှ မကပ်နိုင်ဘူး"

လို့ ပြောရင်း ကြိုးနီစတစ်ခုကို လှမ်းပေးလိုက်တယ်။

ကလေးအမေကလည်း ဝမ်းသာအားရနဲ့ လိပ်ပြာကြိုးယူပြီး ပြန်ဖို့ပြင်လိုက်တယ်။

ဒေါ်ဘုမက ...

"ဟဲ့ ... ညနေ ငါ့အိမ်ကို ကြက်နှစ်ကောင်ပို့ဖို့ မမေ့နဲ့"

လို့ လှမ်းအော်ပြောလိုက်တယ်။

ကလေးအမေ ထွက်သွားတဲ့အခါ သာဒင်ကလည်း သူ အခြောက်ခံရတဲ့ အကြောင်းကို ဇာတ်စုံခင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘုမက မျက်လုံးစုံမှိတ်ရင်း ...

"အင်း ... ဘိုးချက်တစ္ဆေဟာ အတော့်ကို သောင်းကျန်း နေပါလား၊ မဖြစ်ဘူး မဖြစ်ဘူး ... ညောင်ပင်စောင့်ရုက္ခစိုးကြီးကို ပွဲပေးပြီး ဘိုးချက်တစ္ဆေကို ဆုံးမခိုင်းရမယ်၊ ဟဲ့ သာဒင် ... နင့်ကို ဘိုးချက်ခြောက်လှန့်မှာ ကြောက်တယ်မဟုတ်လား၊ ဒီတော့ ရုက္ခစိုး တောင်းပန်ပွဲကို နင်လုပ်ပေးရမယ် ... ဖြစ်ရဲ့လားဟဲ့"

လို့ မေးလိုက်တဲ့အခါ သာဒင်က အလျင်အမြန် ...

"ဖြစ် ... ဖြစ်ပါတယ်ဗျာ၊ ဘိုးချက်က ကျုပ်အချစ်ဆုံး သူငယ်ချင်းဆိုတော့ သူလာပြီး လိပ်ပြာနုတ်မှာ သိပ်ကြောက်ပါတယ်၊ တောင်းပန်ပွဲကို ဘယ်တော့ပေးရမလဲ ခင်ဗျာ"

လို့ ပြောလိုက်တယ်။

ဒေါ်ဘုမက မျက်လုံးမှိတ် အာရုံပြုဟန်ပြုရင်း ...

"နောက်နေ့ အပုပ်ချိန်မှာ တောင်းပန်ပွဲပေးမယ် ... ပွဲ ကိုးပွဲတိတိပြင်ပြီး ငါ့အိမ် အရင်ယူခဲ့"

လို့ ပြောလိုက်တဲ့အခါ သာဒင်က မျက်လုံးပြူးသွားပြီး

"ဗျာ ... ကိုးပွဲတောင်လား၊ လျှော့လို့မရဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မျက်နှာမသာမယာနဲ့ ပြောလိုက်တယ်။

"မရှာဘူး ငမိုက်သား သာဒင်ရဲ့ ... နဝင်းကြေးအောင် ကိုးပွဲတင်ပြီး ရက္ခစိုးကြီးကို ပသရမှာ၊ နင် မတတ်နိုင်ဘူးဆိုရင် တော့ ..."

ဒေါ်ဘုမ စကားမဆုံးခင်ဘဲ သာဒင်က ကပျာကယာ ဝင်ပြီး ...

"တတ် ... တတ်နိုင်ပါတယ်၊ ဒေါ်ဘုမပြောတဲ့အတိုင်း ဖြစ်ရပါစေ့မယ်"

လို့ ပြောလိုက်တော့တယ်။

သာဒင်ဟာ ဒေါ်ဘုမကို ကန်တော့ပြီး ပြန်ဖို့လုပ်တော့

"ဟဲ့ ... ညကျရင် ငါ့အိမ်ကို ဆန်ငါးပြည်ပို့စမ်း"

လို့ လှမ်းပြောတယ်။

သာဒင်လည်း မျက်နှာမသာမယာနဲ့ ဒေါ်ဘုမအိမ်က လှည့်ထွက်ခဲ့တယ်။

ရွာစွန်ရှိ ဗိန္ဒောဆရာပျို့ရဲ့ နေအိမ်မှာတော့ ဆရာပျို့ဟာ ဆေးပြင်းလိပ်ဖွာရှိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စုံစမ်းရသလောက် မိုးကြိုးအလောင်းကို ခိုးယူသွားတဲ့အဖွဲ့ဟာ မြစ်စပ်မှာ မိကျောင်းကိုက်ခံရလို့ သေသွားပြီ၊ မိုးကြိုးအလောင်းကတော့ ရှာမရအောင် ပျောက်နေတယ်ဆိုပဲ၊ အင်း ... အလောင်းကိစ္စက ပိုပြီး စိတ်ဝင်စားစရာကောင်းနေပြီ"

လို့ ပြောလိုက်တဲ့အခါ မင်းစံဟာ အဝေးဆီကို ငေးစိုက်ကြည့်နေရာမှ ...

"ကျုပ်တို့ မြစ်စပ်ကိုသွားပြီး အလောင်းရှာရင် မကောင်းဘူးလား၊ အဘိုးရဲ့ရတနာတွေ ပြန်ရပေမယ့် အစ်ကိုမင်းဟန်ရဲ့ အလောင်း မမြေမချရသေးတော့ ကျုပ် ပြန်လို့ လုံးဝမဖြစ်ဘူး"

လို့ ရေရွတ်လိုက်တယ်။

ဆရာပျို့က မျက်မှောင်ကြီး ကြုတ်သွားပြီး ...

"အလောင်းကို ပြန်ရရင်တောင် မြေချဖို့ မဖြစ်နိုင်ဘူး ဘာကြောင့်လဲဆိုတော့ ဒေါ်အိုစာဟာ အလောင်းကို မရရတဲ့ နည်းနဲ့ ပြန်ယူလိမ့်မယ်၊ ကျုပ်တို့ အလောင်းကိုမီးသဂြိုဟ်မှပဲ ပြဿနာ ပြီးသွားမှာ"

လို့ ထင်မြင်ချက်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ...ဆေးဆရာကြီးပြောတာ မှန်တယ်၊ အစ်ကိုအလောင်းကို ပြာကျတဲ့အထိ မီးသဂြိုဟ်ရမယ်၊ ပြီးရင် အရိုးကောက်ပြီး ကျုပ်တို့မြို့ကို ပြန်သယ်ရမယ်၊ ဟိုရောက်မှ အုတ်ဂူလုပ်ရမယ်၊ ကြာပါတယ်ဗျာ ...ကျုပ်တို့ မြစ်စပ်ကို သွားရအောင်"

မင်းစံရဲ့ တက်ကြွစွာပြောတဲ့စကားကြောင့် ဆရာပျိုဟာ သက်ပြင်းချရင်း ...

"မောင်ရင့်ဆန္ဒ သိပ်ပြင်းထန်ရင်လည်း ကျုပ်တို့ ရှာကြတာပေါ့၊ မြစ်စပ်ကတော့ သိပ်အန္တရာယ်များတယ်၊ အဲဒီမြစ်ထဲမှာ ကျက်စားနေတဲ့ မိကျောင်းနှစ်ကောင်ဟာ လူနံ့ရတာနဲ့ မြစ်စပ်ကို တက်ပြီးဆွဲတယ်လို့ ကျုပ်ကြားဖူးတယ်၊ လိုရမယ်ရ ကျုပ်တို့ လုံရှည်တွေ ယူသွားရမယ်"

လို့ ပြောလိုက်တယ်။

ထို့နောက်မှာတော့ ဗိန္ဒောဆရာပျိုနဲ့မင်းစံဟာ အလောင်းရှာပုံတော်ဖွင့်ဖို့ စတင်လှုပ်ရှားကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၉ )

## မိုးကြိုးအလောင်း ဘယ်ရောက်နေသလဲ...?

www.burmeseclassic.com

www.burmeseclassic.com

## နေ့ခင်းကြောင်တောင် ...

အကြားအမြင်ဒေါ်ဘုမတစ်ယောက် တစ်ဖက်ရွာက ပင့်ဖိတ်မှုကြောင့် ရွာထိပ်ဘက် ထွက်ခဲ့တယ်။

ရွာသိပ် ညောင်ပင်ကြီးအရောက်မှာတော့ သူ့တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လုံး ကြက်သီးဖြန်းဖြန်းထပြီး ခေါင်းမွေးပါ ထောင်သွားသလို ခံစားလိုက်ရတယ်။

ဒေါ်ဘုမဟာ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်ရင်း ခြေလှမ်းကို မြန်နိုင်အောင် ကြိုးစားလိုက်တယ်။

ညောင်ပင်ကြီးရဲ့ အလယ်နားရောက်တော့ 'ဘုတ်' ခနဲ အသံနဲ့အတူ သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားတယ်။

ထို့နောက်မှာတော့ ...

"အောင်မလေး အမေရဲ့"

လို့ အသံကုန်အော်ပြီး ထဘီစွန်တောင်ဆွဲ ပြေးခဲ့တော့တယ်။

ထဘီဆွဲပြေးလာတဲ့ ဒေါ်ဘုမကြောင့် ထင်းခုတ်ရာမှပြန်လာတဲ့ ရွာသူတွေဟာ ထိတ်လန့်သွားပြီး ...

"ဒေါ်ဘုမ ဒေါ်ဘုမ ... ဘာဖြစ်တာလဲ"

လို့ ထင်းစည်းတွေ ပစ်ချပြီး ဝိုင်းမေးကြတယ်။

ဒေါ်ဘုမဟာ ညောင်ပင်ကြီးလက်ညှိုးထိုးရင်း မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ညောင်ပင် ... ညောင်ပင်ကြီးက ကျွပ် ကျွပ်ခေါင်း ပေါ်ကို ပစ်ချတယ်တော့"

လို့ပြောတဲ့အခါ ရွာသူတွေဟာ ပြေးဖို့ပြင်နေတဲ့ ဒေါ်ဘုမ ကို ဆွဲထားလျက် ...

"ဘာ ... ဘာကြီးပစ်ချလို့တုံး၊ ရင် ... ရင်တုန်လိုက် တာရှင်"

လို့ မေးလိုက်တယ်။

ဒေါ်ဘုမက အမောဆို့နေတဲ့အတွက် အံသက်ကိုဝအောင် ရှူရှိုက်ရင်း ...

"အ ... အရိုးခေါင်းကြီး၊ ပရိတ်ရေ မြန်မြန်သောက်မှ ဖြစ်မယ် ... ငါ့ကိုလွှတ်"

လို့ ရွာသူတွေရဲ့လက်က ဆောင့်ရုန်းပြီး ပြေးထွက်သွား တယ်။

ရွာသူတွေဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြီး ...

"အရိုးခေါင်းကြီးတဲ့ ... အောင်မလေး ... ကြောက်စ

www.burmeseclassic.com

www.burmeseclassic.com



ရာကြီးတော့်"

လို့ ပြုံင်တူရေရွတ်ရင်း ထင်းစည်းတောင် မကောက်နိုင်ကြဘူး ... ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တယ်။

အကြားအမြင် ဒေါ်ဘုမကိုယ်တိုင် တစ္ဆေခြောက်ခံရတယ်ဆိုတဲ့ သတင်းက အိုးဘိုစုတစ်ရွာလုံး ပွက်လောရိုက်သွားတယ်။

ဒေါ်ဘုမတစ်ယောက်လည်း ကြောက်လန့်ပြီး ယောဂီဝတ်စုံ ချက်ချင်းပြောင်းဝတ်လိုက်တယ်။

သူ့ရဲ့အိမ်ဝန်းတစ်ခုလုံး ပဌာန်းရွတ်ပြီး စည်းတားမှုတွေလုပ်တယ်။ ပြီးတော့ နတ်ရုပ်မျိုးစုံကို သူ့အိပ်ရာပတ်လည်မှာ ချပြီးအိပ်စက်ရတယ်။ ဒီသတင်းကိုကြားတဲ့အခါ ဒေါ်ဘုမဆီ သာဒင်ရောက်သွားပြီး ...

"ဘယ်လိုလဲ ဒေါ်ဘုမ ... ခင်ဗျားခိုင်းလို့ ကျုပ် ပွဲတွေပြင်ထားပြီးပြီ၊ ခင်ဗျား ဘာလုပ်ပေးမလဲ"

လို့ ဒေါ်သတကြီး မေးလိုက်တယ်။

ဒေါ်ဘုမဟာ သာဒင့်စကားကြောင့် မချေမနပ် အမူအ

www.burmeseclassic.com

www.burmeseclassic.com



ရာနဲ့ …

"ငါဆိုတဲ့မိန်းမက အထက်ဝိဇ္ဇာကြီးတွေဆီမှာ သိဒ္ဓိတောင်းခံပြီး ပျော်စားနေတဲ့လူဟဲ့၊ တစ္ဆေကြောက်လို့ ပြေးလာတာမဟုတ်ဘူး၊ ယုတ်ညံ့တဲ့ မကောင်းဆိုးရွားကြောင့် ငါ့ရဲ့သိဒ္ဓိ ကျမှာစိုးလို့ဟဲ့ … သိရဲ့လား၊ မနက်ဖြန် အပုပ်ချိန်မှာ နင့်ပွဲကို သွားလှူပေးမယ်၊ ဘာစကားမှ မရှည်နဲ့ … ပြန်တော့"

လို့ ဟန်လုပ် ပြောလိုက်တယ်။

သာဒင်က ပုဆိုးတမမနဲ့ …

"ကောင်းပြီ … ကျုပ်ကို ပွဲပြင်နိုင်းပြီး မလုပ်ပေးရင်တော့ ခင်ဗျားကြီးနဲ့ကျုပ် အတွေ့ပဲ … သွားမယ်"

လို့ ကြိုးဝါးပြီး ခြေလှမ်းကျဲကြီးနဲ့ ထွက်သွားတယ်။

သာဒင်ထွက်သွားတဲ့အခါ ဒေါ်ဘုမဟာ ညောင်ပင်ကြီးဆီသွားပြီး ပွဲလှူမယ့်အရေး တွေးမိရင်း ကျောစိမ့်သလို ခံစားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၀ )

## ရှက္ခစိုးပွဲပေးရင် ဘာဖြစ်ကြဦးမလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

## ညရောက်တဲ့အခါ ...

အေးစိမ့်တဲ့ရာသီဥတုကြောင့် အိုးဘိုစုတစ်ရွာလုံး တိတ်ဆိတ်နေပေမယ့် သူကြီးရဲ့ခြေရင်းအိမ်ဖြစ်တဲ့ အရက်ပုန်းချက်တဲ့ တဲကလေးမှာ မီးရောင်မှိန်မှိန်လင်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နာရီပြန် တစ်ချက်တီးချိန်လောက်မှာတော့ ထိုတဲဆီမှ

'ဖုန်း ဝုန်း ဝုန်း'

ဆိုတဲ့အသံနဲ့အတူ မီးတောက်မီးညွန့်တစ်ခု 'ဟုန်း' ခနဲ ထွက်လာတယ်။

တဲပိုင်ရှင်လူဝကြီးဟာ မီးတောက်ကြီးကိုကြည့်ပြီး ...

"ကယ်ကြပါဗျို့ ... မီး မီး"

လို့ အသံကုန်အော်ဟစ်ရင်း သူကိုယ်တိုင် တဲအပြင် ပြေးထွက်သွားတယ်။

အသံကြောင့် သူကြီးဘိုးချစ်မြိုင်ဟာ အိပ်ရာမှ လန့်နိုး သွားတယ်။

တောင်ဝှေးကိုအားပြုပြီး ပြတင်းပေါက်ရှိရာ လျှောက် သွားတဲ့အခါ ကောင်းကင်မှာ လိမ့်တောက်နေတဲ့ မီးညွန့်ကြီးကို တွေ့ လိုက်ရတယ်။

"ဟာ ... မီးလောင်နေတယ်၊ ဟေ့ကောင်တွေ ... မီး လောင်နေပြီဟေ့ ... သံချောင်း အမြန်ခေါက်"

သူကြီးရဲ့ ဆော်ဩသံနဲ့အတူ တစ်ရွာလုံး သံချောင်း

www.burmeseclassic.com

www.burmeseclassic.com



ခေါက်သံတွေ ညံစီသွားတယ်။

လေအဝှေ့မှာတော့ မီးတောက်ကြီးဟာ သူကြီးအိမ်ရဲ့ သက်ကယ်မိုးပေါ် ကျလာပြီး မီးစွဲတော့တယ်။

သူကြီးကိုယ်တိုင် အိမ်မီးစွဲနေတာကြောင့် တောင်ဝှေး အားပြုထောက်ရင်း အိမ်အောက်ကို အသည်းအသန် ဆင်းပြေးရ တယ်။

ရွာသားတွေ စုပေါင်းပြီး မီးကို ငြိမ်းသတ်ကြတယ်။

မြေစိုက်တဲဖြစ်တဲ့ လူဝကြီးရဲ့တဲကို ငြိမ်းသတ်နိုင်ပေ မယ့် နှစ်ထပ်အိမ်ဖြစ်တဲ့ သူကြီးအိမ်ငြိမ်းသတ်ဖို့ အခက်တွေ့နေကြ တယ်။

နောက်ဆုံးမှာတော့ သတ္တိကောင်းတဲ့ရွာသားတွေက အိမ် ရဲ့အပေါ်ထပ်ကို တက်ပြီး ရေပုံးပေါင်းမြောက်မြားစွာနဲ့ ငြိမ်းသတ်ရ တယ်။

သူကြီးအိမ်ရဲ့ နောက်ဖေးဘက်တစ်ခြမ်းလုံး ကုန်တော့မှ မီးငြိမ်းသွားတယ်။

ဒီအခါမှ သူကြီးဟာ သက်ပြင်းချနိုင်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အိုစာ့နိမိတ်စကားအတိုင်း မီးဘေးကြုံခဲ့ရပြီ၊ ဒါ တွေအားလုံးဟာ မိုးကြိုးအလောင်းနဲ့များ ဆက်စပ်နေမလား၊ မိုးကြိုး အလောင်းဟာ ငါ့မိသားစုကိုရော အိုးဘိုစုရွာတစ်ရွာလုံးကိုပါ အကြီး အကျယ် ခိုက်နေပြီလား"

လို့ ရေရွတ်လိုက်မိတယ်။

ဗိန္ဒောဆရာပျို့ရဲ့နေအိမ်မှာတော့ ဆရာပျို့ဟာ ခြံဝမှာ ရပ်ရင်း ရွာထဲဘက်ကို ငေးကြည့်နေတယ်။

မင်းစံကပါ အိမ်အပြင်ထွက်လာပြီး ...

"ရွာထဲမှာ ဆူဆူညံညံနဲ့ ဘာဖြစ်နေကြတာလဲ"

လို့ မေးလိုက်တဲ့အခါ ဆရာပျို့က ...

"ရွာထဲမှာ မီးလောင်နေတာကွ၊ ခုနကဆို ကောင်းကင် မှာ မီးတွေရဲနေတာပဲ၊ အခုတော့ ငြိမ်းသွားပါပြီ၊ မီးတောက်ရဲ့အနေ အထားကြည့်ရတာ သူကြီးအိမ်ဘက်က ဖြစ်ဖို့များတယ်ကွ၊ အင်း ... သူကြီးတစ်ယောက်တော့ ပြဿနာတွေချည်း ဆက်တိုက်ကြုံရ ရှာတယ်၊ မောင့်ရင့်အစ်ကို မိုးကြိုးပစ်ခံရပြီး မကြာဘူး ... သူ့သား ဘိုးချက်ဟာ သေကြောင်းကြံစည်သွားတယ်၊ သူ့မိန်းမလည်း မိဘ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ဆင်းသွားပြီး မကြာဘူး . . . သူ ခြေထောက်ကျိုးခဲ့တယ်၊ ဒေါ်အိုစာကလည်း မိုးကြိုးအလောင်းနဲ့ပတ်သက်ပြီး သူ့ကို ဖိအား ပေးမှာ သေချာတယ်၊ အခုလည်း မိုးလောင်မှု ကြုံရပြန်ပြီ၊ ဒီလောက် ဆိုးရွားတဲ့ ပြဿနာပေါင်းသောင်းခြောက်ထောင်ကြားမှာ၊ သူ့ကိုယ်သူ သတိမသေသေးတာပဲ ကံကောင်းတယ်ကွ၊ ပြဿနာဟာ အပေါင်းအ သင်းနဲ့ လာတတ်တယ်ဆိုတဲ့စကားဟာ သူကြီးဘိုးချစ်မြိုင်အတွက် အမှန်ပဲ၊ ကဲပါလေ . . . ဒါတွေ တွေးမနေပါနဲ့၊ မနက်ဖြန် ကျုပ်တို့ တောဝင်ရမှာ . . . အိပ်ရအောင်ဟေ့"

လို့ ပြောလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၁ )

## မိုးကြိုးအလောင်းကို ဘယ်သူရမလဲ ...?

www.burmeseclassic.com

www.burmeseclassic.com

# နောက်တစ်နေ့ ...

နေဝင်ရီတရောအချိန် ...

ဗိန္ဒောဆရာပျို့နဲ့ မင်းစံဟာ အလောင်းရှာဖို့အတွက် တောစပ်ကိုထွက်ခဲ့ကြတယ်။ တောစပ်အရောက်မှာတော့ တောထဲက

www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက်ပြေးထွက်လာတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။

"အသေကောင် မည်းမည်းကြီး ...

ဘုရားပျက်က သူရဲကြီး"

အရူးမှုန်ကြီးရဲ့ နှုတ်က ရေရွတ်သံကြောင့် ဆရာပျိုဟာ စိတ်လှုပ်ရှားစွာနဲ့ ...

"ဟော့ကောင်မှုန်ကြီး ... ဘာတွေ လျှောက်အော်နေတာလဲ၊ ဘယ်က သရဲကြီးလဲကွ"

လို့ လှမ်းမေးလိုက်တဲ့အခါ အရူးမှုန်ကြီးက ...

"ဟီး ဟီး ဟီး ... ဘုရားပျက်က သရဲကြီး၊ အသေကောင် မည်းမည်းကြီး"

လို့ ရေရွတ်ပြီး ပြေးထွက်သွားတယ်။

"အရူးရွတ်သွားတဲ့ စကားက တစ်မျိုးပါလား။ အသေကောင် မည်းမည်းကြီးဆိုတော့ ဟာ ဆေးဆရာကြီး ... ကျုပ်အစ်ကိုရဲ့အလောင်းက မီးသွေးလို မည်းနက်နေတာပဲ။ ဘုရားပျက်မှာ အစ်ကို့အလောင်း ရှိရမယ်"

မင်းစံရဲ့ ဝမ်းသာအားရအော်ဟစ်သံကြောင့် ဆရာပျို

www.burmeseclassic.com

www.burmeseclassic.com

မိုးကြိုးအလောင်း ၁၆၃

ဟာ မျက်မှောင်ကြုတ် စဉ်းစားဟန်ပြုရင်း ...

"အင်း ... ဖြစ်နိုင်တယ်၊ မှန်ကြီး မိုးကြိုးအလောင်းကို မြင်ပြီး လျှောက်အော်သွားတာ သိပ်ဖြစ်နိုင်တယ်၊ ဘုရားပျက်က တောအဝင်လေးတင်ရှိတာ၊ ကျုပ်တို့ အမြန်သွားရမယ်"

လို့ပြောပြီး အလျင်အမြန် ရှေ့ဆက်ခဲ့ကြတယ်။

နာရီဝက်ခန့် လျှောက်သွားတဲ့အခါ ချုံနွယ်ပိတ်ပေါင်းများနဲ့ ရေညှိအထပ်ထပ်တက်နေတဲ့ ဘုရားပျက်ကို လှမ်းမြင်ရပြီ။

ဘုရားပျက်ကို မြင်ရတဲ့အတွက် မင်းစံရဲ့ခြေလှမ်းတွေ ပိုပြီးမြန်သွားတယ်။

ဘုရားပျက်ရဲ့ ရင်ပြင်ပေါ်ရောက်တော့ မည်းနက်နေတဲ့ အလောင်းကြီးကို တွေ့လိုက်ရတယ်။

မင်းစံဟာ အစ်ကိုဖြစ်သူရဲ့ရုပ်အလောင်းကို ကြည့်ရင်း

"အစ်ကိုကြီး ... ဖြစ်ရလေ အစ်ကိုကြီးရယ်၊ သေတာတောင် လူသူမရှိတဲ့ ဘုရားပျက်ပေါ် ရောက်နေရရှာပါလား"

လို့ မချိတင်ကဲ ရေရွတ်ပြီး အလောင်းကို ပွေ့ဖက်ငိုကြွေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် သူကြီးဘိုးချစ်မြိုင်ရဲ့ ခြံဝိုင်းရှေ့မှာတော့ ...

"ဘိုးချစ်မြိုင် ... ခုချက်ချင်း ငါ့ရှေ့လာစမ်း"

အသံကြောင့် သူကြီးဟာ အိမ်ပေါ်ကလှမ်းကြည့်တဲ့အခါ ကျိုးနက်အုပ်ကြီးအလယ်မှာ အရိုးတောင်ဝှေးကြီးနဲ့ရပ်နေတဲ့ ဒေါ်အိုစာကို တွေ့လိုက်ရတယ်။

သူကြီးတစ်ယောက် နားထင်သွေး ဒိန်းခနဲ ဆောင့်သွားရပြီး ခြေထောက်နင်းနဲ့ အလျင်အမြန် ဆင်းလာတယ်။

ဒေါ်အိုစာက ပြာကျမတတ် မျက်လုံးစူးကြီးနဲ့ ဘိုးချစ်မြိုင်ကို စူးစိုက်ကြည့်ရင်း ...

"လောကမှာ ငါ အရွံမုန်းဆုံးဟာ ကတိမတည်ခြင်းပဲ ... ဘယ်မလဲ မိုးကြိုးအလောင်း"

လို့ အသံသြကြီးနဲ့ မေးလိုက်တယ်။

ဒေါ်အိုစာ့အမေးကြောင့် သူကြီးဟာ ထိတ်လန့်စိတ် ကြီးစိုးပြီး ဘာဖြေရမှန်းမသိ ဖြစ်သွားရတယ်။ ဒီအချိန်မှာပဲ ...

"အသေကောင်မည်းမည်းကြီး, ဘုရားပျက်က သရဲကြီး ... ဘုရားပျက်က သရဲကြီး, အသေကောင် မည်းမည်းကြီး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ရေရွတ်ရင်း ကခုန်ပြီး လမ်းလျှောက်လာတဲ့ အရူးမှုန်ကြီးတစ်ယောက် သူကြီးအိမ်ရှေ့ ရောက်လာတယ်။

အရူးမှုန်ကြီးရဲ့အသံကြောင့် ဒေါ်အိုစာဟာ မျက်မှောင်ကြုတ်သွားပြီး …

"ပြန်ပြောစမ်း … နင်ရွတ်နေတဲ့ဟာကို ပြန်ဆိုစမ်း"

လို့ စိတ်လှုပ်ရှားစွာနဲ့ မေးလိုက်တယ်။

"အသေကောင် မည်းမည်းကြီး … သရဲကြီးလေ၊ ဘုရားပျက်မှာ ရှိတယ်ဟေ့ … ဟား ဟား ဟား … ဟီး ဟီး"

အရူးမှုန်ကြီးက ဒေါ်အိုစာ့ကို ခါးထောက်ပြောပြီး လှစ်ခနဲ ထွက်ပြေးသွားတယ်။

"မိုး … မိုးကြိုးအလောင်း ဘုရားပျက်မှာရှိတယ်၊ ဟုတ်တယ် … ဘုရားပျက်မှာရှိတာ သေချာတယ်၊ ဘိုးချစ်မြိုင် … ရွာမှာ ဘုရားပျက် ဘယ်နေရာရှိလဲ"

ဒေါ်အိုစာဟာ အရူးတစ်ယောက်လို ရေရွတ်ရင်း မေးလိုက်တဲ့အခါ သူကြီးက …

"ရွာ … ရွာထဲမှာတော့ ဘုရားပျက်မရှိဘူး အမယ်အို၊

www.burmeseclassic.com

www.burmeseclassic.com



ရွာပြင်တောစပ်အဝင်လေးမှာတော့ ဘုရားပျက်ကြီးတစ်ခု ရှိပါတယ်"

လို့ ဖြေလိုက်တယ်။

ဒေါ်အိုဟာဟာ အရိုးတောင်ဝှေးကို ဝှေ့ယမ်းလိုက်ရင်း

"မိုးကြိုးအလောင်း ငါ ရတော့မယ်၊ ငါ ဘယ်တော့မှ မသေနိုင်တော့ဘူး၊ ဟုတ်တယ် . . . မိုးကြိုးအလောင်းကို ငါရပြီဟေ့"

လို့ ကြွေးကြော်ပြီး ခြေလှမ်းကျဲကြီးနဲ့ ထွက်သွားတယ်။

"အမယ်အို . . . တစ်ယောက်တည်း မသွားပါနဲ့ . . . ကျွန်တော်တို့ လိုက်ခဲ့ပါရစေ"

သူကြီးဘိုးချစ်မြိုင်တစ်ယောက် ဒေါ်အိုစာ့နောက်လိုက်ရင်း နီးစပ်ရာရွာသားတွေပါ ဆွဲခေါ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၂ )

## ဟဲ ... ဟတ် သိမ်း မှာ ဘာ ဖြစ် ဓ လဲ...?

www.burmeseclassic.com

www.burmeseclassic.com

**ဒေါ်အိုစာ** ရွာထိပ်အရောက်မှာတော့ အကြားအမြင် ဒေါ်ဘုမတို့လူစုဟာ ရက္ခစိုးပူဇော်ပွဲကို လူစုလူဝေးကြီးနဲ့ ပြုလုပ်နေပြီ ဖြစ်တယ်။ အရိုးတောင်ဝှေးကြီးထောက်ပြီး လျှောက်လာတဲ့ ဒေါ်အို စာကို မြင်တော့ ဒေါ်ဘုမမျက်နှာ ကွက်ခနဲ ပျက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးကြိုးအလောင်း



ဒေါ်အိုစာဟာ ကန်တော့ပွဲကိုးပွဲရှေ့မှာ ရပ်နေတဲ့ ဒေါ်ဘုမ ကို မြင်တဲ့အခါ ...

“ညည်းက ဘာအဆင့်မို့လို့ ရက္ခစိုးပူဇော်ပွဲ လုပ်တာလဲ၊ ဒီရွာမှာ ငါ့ကို ဘယ်သူမှ ကျော်လို့မရဘူး၊ အိုးဘိုစုရွာမှာ ဆရာတစ် ဆူပဲရှိတယ် ...အဲဒါ ဒေါ်အိုစာဆိုတဲ့ ငါပဲဟေ့၊ ညည်းအပြစ်ကို ညည်းဝန်ခံစမ်း”

လို့ အသံသြကြီးနဲ့ ကြုံးဝါးလိုက်တယ်။

ဒေါ်ဘုမဟာ မြေပေါ် ကျုံ့ကျုံ့လေးထိုင်ပြီး ...

“ကျွန် ... ကျွန်မ မှားပါတယ် အမယ်အို၊ အပြစ်ကို လည်း ဝန်ခံပါတယ်၊ ထိုက်သင့်တဲ့ဒဏ် ခတ်ပါရှင်”

လို့ မျက်နှာငယ်လေးနဲ့ ပြောလိုက်တယ်။

“ဒီနေ့ကစပြီး ငါ့အိမ်မှာ ရက်အကန့်အသတ်မဲ့ ကျွန်ခံ ရမယ်၊ ဒါဟာ အပြစ်ကိုဝန်ခံတဲ့အတွက် ညည်းကို ဒဏ်လျှော့ပေး တယ်လို့ မှတ်”

ဒေါ်အိုစာဟာ ဒေါ်ဘုမကိုပြောဆိုပြီး တောစပ်ဆီ ဆက် လျှောက်သွားတယ်။ ရက္ခစိုးပွဲအလှူရှင်ဖြစ်တဲ့ သာဒင်ဟာ ဒေါ်ဘုမကို

www.burmeseclassic.com

www.burmeseclassic.com



မကျေမချမ်း ကြည့်လိုက်တယ်။ ဒေါ်ဘုမရဲ့ တပည့်တပန်းတွေဟာ ဒေါ်ဘုမကိုကြည့်ပြီး ထရမလို ထိုင်ရမလို ဖြစ်နေကြတယ်။

ဒီအချိန်မှာပဲ သူကြီးဘိုးချစ်မြိုင်နဲ့ ရွာသားအုပ်ကြီး ရောက်လာကြတယ်။ ဒေါ်ဘုမက လှမ်းပြီး …

"ဘယ်သွားကြမလို့လဲ သူကြီး၊ လူတွေများလှချည်လား။ ဒေါ်အိုစာကလည်း ထူးထူးဆန်းဆန်း တောစပ်ဘက်ထွက်သွားတယ်"

လို့ ပြောလိုက်တဲ့အခါ သူကြီးက အလောတကြီး သွားနေရာက …

"လျှာမရှည်နဲ့ ဘုမ … ငါတို့နဲ့ လိုက်ခဲ့၊ အမယ်အို နောက် လိုက်ရမယ်"

လို့ အမိန့်ပေးလိုက်တယ်။

ဒီအချိန်မှာပဲ ဆရာပျို့နဲ့ မင်းစံဟာ ထင်းစတွေစုပြီး အလောင်းကို မီးသဂြိုဟ်ဖို့ ပြင်နေကြပြီ။

မင်းစံဟာ အစ်ကိုဖြစ်သူရဲ့အလောင်းကို ကြေကွဲစွာ ရှု စိုက်ကြည့်ရင်း …

"အစ်ကိုကြီးဆန္ဒ ပြည့်ဝသွားပါပြီ … ကျုပ် အဘိုးရဲ့

www.burmeseclassic.com



ရတနာတွေ ပြန်ရပြီအစ်ကိုကြီး၊ အစ်ကိုကြီးလည်း တမလွန်ကနေ ရတနာတွေကို စိတ်အစွဲမထားပါနဲ့ ...

ရတနာတွေထဲက တစ်ဝက်ကိုထုခွဲပြီး အစ်ကိုကြီးအတွက် ကောင်းမှုပြုပေးပါ့မယ်၊ အစ်ကိုကြီး ရောက်ရာဘဝက သာဓုခေါ်နိုင်ပါစေဗျာ''

လို့ ရေရွတ်ပြီး အလောင်းရဲ့အပေါ်ကို ထင်းစတွေ တင်လိုက်တယ်။ ဘုရားပျက်ကြီးရဲ့ရင်ပြင်ပေါ် ရောက်နေတဲ့ ဒေါ်အိုစာဟာ မင်းစံတို့ကို မြင်တွေ့သွားပြီး ...

''ရှော်တိုက်စမ်း ... မိုးကြိုးအလောင်းကို မထိနဲ့''

လို့ အသံကုန်အော်ဟစ်ရင်း မင်းစံတို့ရှိရာ ပြေးလာတယ်။

သူကြီးဘိုးချစ်မြိုင်တို့လူစုဟာ ဘုရားပေါ်က ခုန်ဆင်းလိုက်တဲ့ ဒေါ်အိုစာ့ကိုမြင်သွားပြီး အူယားဖားယား ပြေးလာကြတယ်။

''မောင်မင်းစံ ... အခြေအနေက မကောင်းတော့ဘူး။ ရေနံဆီလောင်းလိုက်တော့''

ဆရာပျို့ရဲ့ သတိပေးသံနဲ့အတူ မင်းစံဟာ အဆင်သင့်ယူလာတဲ့ ရေနံဆီပုံးကို ဖွင့်ပြီး အလောင်းပေါ် ပက်ဖျန်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာပျိုဟာ လျှင်မြန်စွာပဲ မီးတုတ်ကို အလောင်းပေါ် ပစ်တင်လိုက်တယ်။ 'ဟုန်း' ခနဲ တောက်သွားတဲ့ မီးတောက်ကြီးနဲ့အတူ ဒေါ်အိုစာဟာ ...

"မိုးကြိုးအလောင်းဟာ ငါ့အတွက်ပဲ၊ မိုးကြိုးအလောင်းကို ငါ ရအောင်ယူမယ်ဟေ့"

လို့ အရူးတစ်ယောက်လို ကြွေးကြော်ပြီး မီးစွဲကပ်နေတဲ့ အလောင်းပေါ် 'လွှား' ခနဲ ခုန်ဝင်လိုက်တယ်။

"ဒေါ်အိုစာ ... မလုပ်နဲ့ ဒေါ်အိုစာ"

ဒေါ်အိုစာ့အတွက် စိုးရိမ်တကြီး အော်ဟစ်တားဆီးတဲ့ သူကြီးရဲ့အသံက တောတစ်ခုလုံး ဖုံးအုပ်သွားတယ်။

ဆရာပျိုနဲ့မင်းစံဟာ လောဘဇောတက်ပြီး မီးတောက်ထဲ ခုန်ဝင်သွားတဲ့ ဒေါ်အိုစာ့အဖြစ်ကို စိတ်မကောင်းရုံကလွဲပြီး ဘာမှ မတတ်နိုင်ရှာဘူး။

ရွာသားတွေအားလုံး မထင်မှတ်တဲ့အဖြစ်အပျက်ကြောင့် အသက်ရှူမေ့မတတ် ကြောင်ငေးရပ်နေမိတယ်။

သူကြီးက ဝေ့ဝဲတက်လာတဲ့ မျက်ရည်စတွေကို မျက်တောင်

www.burmeseclassic.com

www.burmeseclassic.com

# မိုးကြိုးအလောင်း

ဘရှ

နဲ့ ပုတ်ခတ်ရင်း ...

"ဒေါ်အိုစာ ဒေါ်အိုစာ ... သူ့ရဲ့အသက်ရှင်ခြင်းတွေအတွက် မိုးကြိုးအလောင်းကို လိုချင်တောင့်တခဲ့တယ်၊ နောက်ဆုံးတော့ မိုးကြိုးအလောင်းနဲ့အတူ မီးမြှိုက်ခံလိုက်ရရှာတယ်၊ တို့အိုးဘိုစုတစ်ရွာလုံး အားထားကိုးကွယ်ခဲ့တဲ့ အသက်ရာချီတဲ့ ဒေါ်အိုစာ မရှိတော့ဘူး။ အသက်ရာချီနေခဲ့တဲ့ ဒေါ်အိုစာဟာ မိုးကြိုးအလောင်းနဲ့ကျမှ သေရရှာပြီ"

လို့ ကြေကွဲခြင်းကြီးစွာ ရေရွတ်လိုက်တယ်။

မီးတောက်မီးလျှံကြီး ပြာအတိပြီးချိန်မှာတော့ မင်းစံဟာ ထိုနေရာက ထွက်ခွာဖို့ ပြင်လိုက်တယ်။

ဆရာပျိုက မင်းစံရဲ့လက်ကို လှမ်းဆွဲပြီး ...

"မောင်ရင့်အစ်ကိုရဲ့အရိုးကို ကောက်ရဦးမယ်လေ"

လို့ ပြောလိုက်တဲ့အခါ မင်းစံက ခေါင်းခါယမ်းလိုက်ရင်

"ကျုပ်အစ်ကိုရဲ့အရိုးပြာကို ပြန်မယူတော့ဘူး ဆေးဆရာကြီး၊ ဘာကြောင့်လဲဆိုတော့ ဒေါ်အိုစာဟာ မိုးကြိုးအလောင်းနဲ့အတူ သေပွဲဝင်ခဲ့တယ်၊ အဲဒီစွဲလမ်းစိတ်ကြောင့် တမလွန်မှာတော

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိုစာ့ဝိညာဉ်ဟာ ကျုပ်အစ်ကိုဝိညာဉ်နဲ့ တစ်သားတည်း ထပ်တူ ကျနေလိမ့်မယ်၊ ကျုပ်က အရိုးပြာကိုယူပြီး ဂူသွင်းလိုက်ရင် ကျုပ်အစ် ကိုဟာ တမလွန်မှာ ဒေါ်အိုစာရဲ့ ချုပ်နှောင်မှုအောက် ခံနေရရှာမှာ သေချာတယ် ...ဒါကြောင့်ပါ”

လို့ ပြောပြီး အလောင်းစင်ကို ကျောခိုင်းလိုက်တယ်။

“ဆရာပျိုဟာ မင်းစံနဲ့အတူ ထွက်ခွာဖို့ပြင်လိုက်စဉ်မှာပဲ သူ့ခြေထောက်ကို ‘ဒေါက်’ ခနဲ ထိမှန်သံ ကြားလိုက်ရတယ်။

ငုံ့ကြည့်လိုက်တဲ့အခါ ဆီးစေ့ပမာဏရှိတဲ့ သံလို ကြေးနီ ရောင်လို အလုံးလေးတစ်လုံး။

BURMESE CLASSIC

ဆရာပျိုဟာ ဆတ်ခနဲကောက်ယူပြီး သေချာကြည့်လိုက် တယ်။

“ဟင် ...ဒါ ...ဒါဟာ မိုးကြိုးအလောင်းက လွင့်စဉ် လာတဲ့ မိုးကြိုးသွားပါလား”

ဆရာပျို့စကားကြောင့် အားလုံးရဲ့အကြည့်က ကြေးနီ ရောင်အလုံးလေးပေါ် စုပြုံကျသွားတယ်။

ဆရာပျိုက မင်းစံရဲ့လက်ထဲ လှမ်းထည့်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းစံက ခေါင်းခါယမ်းလိုက်ရင်း ...

"ဒါဟာ အစ်ကိုမင်းဟာန်ရဲ့ အမှတ်တရ ပစ္စည်းလေးပဲ၊ ဆေးဆရာကြီးဟာ ကျုပ်ကို အကူအညီအများကြီးပေးခဲ့တယ်၊ ရတနာတစ်ဝက်ခွဲပေးပြီး ကျေးဇူးဆပ်ခဲ့ပေမယ့် ဆေးဆရာကြီးက လက်မခံခဲ့ဘူး၊ ဟောဒီမိုးကြိုးသွားကိုတော့ လက်ခံပေးပါ၊ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်ရဲ့ အမှတ်တရလို့ သတ်မှတ်လိုက်ပါ၊ မိုးကြိုးသွားလေးကို မြင်တိုင်း ထူးဆန်းတဲ့ မိုးကြိုးအလောင်းအဖြစ်အပျက်လေးကို အမှတ်ရပေးပါဗျာ"

လို့ ရေရွတ်ပြီး တရွေ့ရွေ့ ထွက်ခွာသွားတယ်။

ဆရာပျိုဟာ မင်းစံရဲ့ကျောပြင်ကို စိတ်မကောင်းစွာ ငေးစိုက်ကြည့်ရင်း မိုးကြိုးသွားခဲတ်လုံးကို ကျစ်နေအောင် ဆုပ်ထားလိုက်မိတော့တယ် ...။

# မိုး ကြိုး ၁၁ လောင်း

Mo O' Sar

www.burmeseclassic.com